## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၈)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

စာ - ၅ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်)

# လှပလို့ချစ်စဖွယ် တို့များချင်းပြည်နယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ကျော်နှင့်အတူ ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ ခံ့ညားထည်ဝါစွာ ရပ်တည်နေထိုင်လျက်ရှိသည်။ အဆိုပါတိုင်းရင်းသားလူမျိုးများသည် ညီရင်းအစ်ကိုမောင်ရင်းနှမများသဖွယ် ဥမကွဲသိုက်မပျက်နေထိုင်လျက်ရှိသည်။ နိုင်ငံတော်တွင် အရေးကြီးကိစ္စရပ်များနှင့်ကြုံလေတိုင်း သွေးစည်းညီညွတ်စွာရှိခဲ့သည်။ မြန်မာ့သမိုင်းတွင် လွတ်လပ်ရေးဆုံးရှုံးရသည့်အချိန်ရှိခဲ့သော်လည်း တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်သောစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့ကြသည်။

ထိုစဉ်က နယ်ချဲ့တို့ကိုဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည့် ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့သည်လည်းကောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့စဉ်က ဦးလှူရုံမှုန်၊ ဦးထောင်ဇခုပ်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဦးကီးယိုမန်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်းတို့သည်လည်းကောင်း နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသည့်အတွက် ထာဝရ ဂုဏ်ယူလေးစားနေရသည့် မျိုးချစ်ချင်းတိုင်းရင်းသားသူရဲကောင်းများဖြစ်ကြသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပေရာ အဆိုပါချင်းအမျိုးသားခေါင်းဆောင်များသည် နိုင်ငံတော်အတွက်မမေ့နိုင်ဖွယ်ရာဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့်ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့်တိုင်းရင်းသားအားလုံးသွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော်ဆောင်ခဲ့သည့်နေ့ထူးနေ့မြတ်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တစ်ပြေးညီပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုဆောင်ရွက်လျက်ရှိသည်။ ချင်းပြည်နယ်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အခြေခံကျောင်းများကိုတိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများပြုပြင်ပေးခြင်းနှင့်အသစ်ဆောက်လုပ်ပေးခြင်း၊ စက်မှုလက်မှုပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘာသာရပ်သင်ဆရာ၊ ဆရာမများပိုမိုခန့်ထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားဒေသများတွင် သင်ကြားရေးလက်ထောက်ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသားဘာသာစကားသင်ကြားရေး ဆရာ၊ ဆရာမများကိုလည်းခန့်ထားပေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့်ဆရာဝန်လိုအပ်မှုဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်မနှင့်လွယ်ကူစွာဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့်ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ မဟာဓာတ်အားလိုင်းမှ ချင်းပြည်နယ်အနှံ့ လျှပ်စစ်မီးရရှိရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **"ပြည်နယ်နှင့်တိုင်းဒေသကြီး အချင်းချင်းအကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင်လည်းကောင်း၊ ကျေးလက်နှင့်မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်"** ဟူ၍ဖော်ပြထားပါသည်။ ထို့ကြောင့် ချင်းပြည်နယ်အတွင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးအပေါင်းတို့အနေဖြင့် ချင်းပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် **လှပလို့ချစ်စဖွယ် တို့များချင်းပြည်နယ်** အဖြစ်တည်ဆောက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ %နှင့် Credit Guarantee Insurance- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# မင်းဘူး(စကု)မြို့နယ်၌ လမ်းလုပ်ငန်းကိုးခုကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်

မင်းဘူး ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေများဖြင့် မြို့နယ်လမ်းဦးစီးဌာနက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး သွားလာရေးလွယ်ကူ ချောမွေ့အဆင်ပြေစေရန် မူလကတ္တရာလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့်အသစ်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းပေါင်းကိုးခုကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လမ်းဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် မင်းဘူး-မကွေးသွားရာ လမ်းတစ်လျှောက်ရှိမိုင်တိုင်အမှတ် ၀/၆ မှ ၁/၀ မိုင်အတွင်း လမ်းအရှည် ပေ ၆၀၀ ကိုမျက်ကွယ်ကွေ့ဖြတ်ထုတ်ထားသောနေရာအား ကတ္တရာလမ်းအသစ်ခင်းခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၉၉ ဒသမ ၂၂ သန်း၊ မိုင်တိုင်အမှတ် ၁/၀ မှ ၁/၂ မိုင်အတွင်း လမ်းအကျယ် ၂၄ ပေ၊ အရှည် ပေ ၁၃၀၀ အား ကွန်ကရစ်အမာခံလမ်းပခုံးခင်း၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၉၉ ဒသမ ၉၈ သန်း၊ မိုင်တိုင်အမှတ် ၁/၀ မှ ၁/၁ မိုင်အတွင်း အရှည် ပေ ၄၀၀ နှင့် ၁/၁ မှ ၁/၂ မိုင်အတွင်း အရှည် ပေ ၄၀၀ အား မြေထိန်းနံရံတည်ဆောက်၍ Guard Rail တပ်ဆင်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၂၉၅ ဒသမ ၉၅ သန်း၊ မိုင်တိုင်အမှတ် ၁/၃ မှ ၁/၄ မိုင်အတွင်း လမ်းကွေ့(မျက်ကွယ်ကွေ့)အား ဖြတ်ထုတ်၍ လမ်းအကျယ် ၂၄ ပေ၊ အရှည် ပေ ၆၆၀ အား ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် တံတားအမှတ် ၂/၂ အား တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၈၇ ဒသမ ၃၇ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် မိုင်တိုင်အမှတ် ၁/၄ မှ ၁/၆ မိုင်အတွင်း လမ်းကွေ့ (မျက်ကွယ်ကွေ့)အား ဖြတ်ထုတ်၍ လမ်းအကျယ် ၂၄ ပေ၊ အရှည် ပေ ၅၀၀ အား ကတ္တရာလမ်းအသစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၁၄ ဒသမ ၂၂ သန်း၊ မိုင်တိုင်အမှတ် ၁/၅ မှ ၁/၇ မိုင်အတွင်း လမ်းအကျယ် ၂၄ ပေ၊ အရှည် ပေ ၁၁၀၀ အား ကွန်ကရစ်အမာခံလမ်းပခုံးခင်း၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၄၄ ဒသမ ၃၉ သန်း၊ မိုင်တိုင်အမှတ် ၁/၅ မှ ၁/၆ မိုင်အတွင်း လမ်းအရှည် ပေ ၃၀၀ အား မြေထိန်းနံရံ(Toe Wall) တည်ဆောက်ခြင်း၊ လမ်းတာပေါင်ဖြည့်ခြင်းနှင့် Guard Rail တပ်ဆင်ခြင်းလုပ်ငန်းများကို ရန်ပုံငွေကျပ် ၁၈၀ ဒသမ ၃၈ သန်း၊ မိုင်တိုင်အမှတ် ၁/၅ မှ ၁/၆ မိုင်အတွင်း လမ်းအရှည် ပေ ၃၀၀ အား မြေထိန်းနံရံ(Toe Wall) တည်ဆောက်ခြင်းနှင့် လမ်းတာပေါင်ဖြည့်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၁၉၈ ဒသမ ၅ သန်းတို့ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၀-၂-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြင်ဦးလွင်မြို့နယ်ရှိ ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရွှေလမင်းဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်သံဃာတော်များနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ လောကနန္ဒာမင်္ဂလာခန်းမအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၀ ပါးနှင့် ဒေသခံပြည်သူ ၂၁၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းနှင့်ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ်ရှိ ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်စဉ်။

# လှိုင်သာယာမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို မြို့တော်ဝန် ဦးဗိုလ်ဌေး ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် မရမ်းကုန်းမြို့နယ်၊ အင်းစိန်လမ်းမပေါ်ရှိ သမိုင်းချောင်းရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းတွင် အရှည်ပေ ၂၅၀၀၊ အောက်ခြေအကျယ် ၆ ပေ၊ အနက် ၅ ပေခွဲ အပေါ်ဝ အကျယ် ၈ ပေရှိ ဇလားပုံသဏ္ဌာန် အုတ်ရေနုတ်မြောင်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်- ပုသိမ်လမ်းဘေးတွင် အရိပ်ရ လေကာပင်များစိုက်ပျိုးထားရှိမှု၊ မြေပြုပြင်ဆောင်ရွက်ထားရှိမှု၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံအတွင်း ကွန်ကရစ်ခင်းကျင်းနေမှုနှင့် ရန်ကုန်-ပုသိမ်လမ်းဘေး ရေစုကန်ရေမြောင်းအား ဘုရင့်နောင်လမ်းမှ သောင်ကြားချောင်းအထိ အရှည်ပေ ၁၄၂၀၊ အပေါ်မျက်နှာပြင် ၁၆ ပေ၊ အောက်ခြေ ၁၀ ပေ၊ အနက် ၆ ပေရှိ ဇလားပုံသဏ္ဌာန်ရေမြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များအား ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ Radiant Tours ကုမ္ပဏီ၏စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်ရောက်ရှိနေသည့် ရုရှားနိုင်ငံသားခရီးသွားဧည့်သည် ၃၈ ဦးကို တွေ့ဆုံနှုတ်ဆက်သည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ခရီးသွားဧည့်သည်များအနေဖြင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ယခုခရီးစဉ်တွင် ရရှိတွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံသား ပြည်သူများ၏ ရင်းနှီးနွေးထွေးမှုနှင့် ဖော်ရွေမှုစရိုက်များကို မိမိတို့၏ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း၊ ထို့ပြင် ခရီးစဉ်တစ်လျှောက် မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည့်အမှတ်တရ အတွေ့အကြုံကောင်းများကို မိမိတို့ အသုံးပြုနေကြသည့် လူမှုကွန်ရက်မီဒီယာများတွင် ဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် တောတောင်ရေမြေ သဘာဝအလှအပများနှင့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ကောင်းသတင်းများကို မျှဝေပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များက ယခုခရီးစဉ်တွင်လိုက်ပါလာကြသည့် ရုရှားနိုင်ငံသားများသည် ရုရှားနိုင်ငံ၏ နယ်မြေဒေသအသီးသီးမှ စုပေါင်းလာရောက်ကြသူများ ဖြစ်သည့်အတွက် မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ ဂုဏ်သတင်းသည် ရုရှားနိုင်ငံတွင်းခဏအတွင်း ပျံ့နှံ့သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရုရှားဘာသာစကားသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားနေမှုအခြေအနေနှင့် ရုရှားနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် MIR Card ဖြင့် မြန်မာနိုင်ငံတွင် ငွေကြေးသုံးစွဲမှုများကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ဖြည့်စွက်ပြောကြားပြီး ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ပုပ္ပား၊ အင်းလေး၊ ပဲခူး၊ ရန်ကုန် ခရီးစဉ်ဒေသများသို့ ၁၀ ရက်ကြာ လည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚c | / | ၃၆˚c |
| ရန်ကုန် | ၂၂˚c | / | ၃၆˚c |
| မန္တလေး | ၁၈˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၀)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### အစီအစဉ်တစ်မျိုးလုပ်ခြင်း

နောက်တစ်ခေါက်တွင် ဗန်းမော်မြို့ ရွှေကျီးနားဘုရားပွဲ၌ လယ်ယာစိုက်ပျိုးရေးပြပွဲပါသည်နှင့် ကျွန်ုပ်တို့လူစုသည် မြစ်ကြီးနားမှ အစိုးရသင်္ဘောကလေးနှင့် စုန်ဆင်းလာကြ၏။ ကျွန်ုပ်တို့နှင့်အတူ ဒုတိယလယ်ယာစိုက်ပျိုးရေးဝန်ကြီးလည်းပါလာရာ သူ၏စာရေးနှင့် ကျွန်ုပ်သည် ဘိလိယက်ကစားဖက်ဖြစ်၍ အလွန်ပျော်ကြသည်။ ကျွန်ုပ်အဖို့ စားသောက်ရန်အစီအစဉ်မှာ မင်းကြီး၏ထမင်းချက်အား ကျွန်ုပ်အတွက် တစ်နေ့တစ်ကျပ်ပေး၍စားပြီး ဘတ္တလာနှင့် စားပွဲထိုးတို့ကို ပစ်ထားလိုက်၏။ ချာပရာစီနှစ်ယောက်အားမူ ပိုက်ဆံအနည်းငယ်သာပေး၍ ကျွန်ုပ်တာဝန်မယူတော့ချေ။ ဤတွင် ဘတ္တလာနှင့် စားပွဲထိုးတို့သည် ကျွန်ုပ်ကို အတော် 'အောင့်' ကြ၏။ ကျွန်ုပ်ကမူ ဂရုမစိုက်ချေ။ မင်းကြီး၏ စာရေးက ဘတ္တလာကို လန့်မနေနိုင်ဟု သဘောထားလိုက်၏။ တစ်နေ့တစ်ကျပ်ဟူသောငွေမှာ ထိုခေတ်၌ အတော်ကြီးအရာရောက်၍ ကျွန်ုပ်မှာလည်း ထမင်းကောင်း၊ ဟင်းကောင်း စားရသဖြင့် ကျေနပ်လှသည်။ ဗိုလ်နှစ်ယောက်တို့သည် အစိုးရသင်္ဘောအထက်ဦးပိုင်းမှ လိုက်ကြ၍ ကျွန်ုပ်တို့ စာရေးနှစ်ယောက်သည် အောက်ထပ်ဦးပိုင်းမှ လိုက်ပါလာကြရာ အစိုးရအလုပ်နှင့် သွားခဲ့ရသမျှတွင် ဇိမ်အရှိဆုံးခရီးဖြစ်၍ အနည်းငယ်ဖော်ပြလိုပါသည်။

### ထူးဆန်းသော အခြင်းအရာနှစ်ခု

ဗန်းမော်နှင့် မြစ်ကြီးနားခရီးမှာ ဧရာဝတီကုမ္ပဏီသင်္ဘောများ သွားလာခြင်းမရှိဘဲ အစိုးရသင်္ဘောများသာသွားလာသည်ဖြစ်သောကြောင့် ရောက်ဖို့အလွန်ခဲယဉ်းသောခရီးဖြစ်၏။ အစိုးရသင်္ဘောများသည်ပင် အလွန်ရေနည်းသည့် (ဧပြီလ ၁၅ ရက်နေ့အထိ) အချိန်အပိုင်းအခြားအတွင်းသာသွားလာနိုင်၏။ မြစ်ရေနည်းသောအချိန်အပိုင်းအခြားကိုမှရွေးပြီး သွားလာကြရခြင်းမှာ ယင်းဒေသတစ်လျှောက်၌ ဧရာဝတီမြစ်သည် အလွန်ကျဉ်းသည်ဖြစ်၍ မြစ်ရေအတော်အတန်များသည်ဆိုလျှင် ရေစီးကြမ်းသည်နှင့် သင်္ဘောခုတ်မောင်းရန် အလွန်ခဲယဉ်းသောကြောင့်ဖြစ်၏။ အစိုးရသင်္ဘောမှာလည်း ကြီးကြီးမားမားမဟုတ်။ အငယ်စားကလေးမျှသာဖြစ်၏။ ကျွန်ုပ်နှင့်စာရေးကြီး ကိုဘခင် (ဒု-ဝန်ကြီး၏စာရေးဖြစ်သည်) တို့သည် ဧရာဝတီပထမမြစ်ကျဉ်းအကြောင်းကို ကျောင်း၌ သင်ခဲ့ဖူးကြသည်ဖြစ်၍ ဤခရီးတွင် စိတ်ဝင်စားဖွယ်ရှုခင်းများ တွေ့မြင်ရလိမ့်မည်ဆိုခြင်းကို သိကြသည်နှင့် အောက်ထပ်ဦးပိုင်းတွင် မျှော်တလင့်လင့်နှင့် ဟန်ပြင်လျက်ရှိကြ၏။ ဗိုလ်နှစ်ယောက်မူကား အထက်ဦးပိုင်းတွင် မှန်ပြောင်းများ တကိုင်ကိုင်နှင့် ရွက်ဖျင်ကုလားထိုင်များပေါ်၌ ထိုင်လျက်ရှိကြ၏။ မြစ်ကြီးနားမှ မထွက်ခွာမီပင် ထူးဆန်းသောအခြင်းအရာနှစ်ခု တွေ့မြင်ရသည်မှာ ဧရာဝတီမြစ်ရေသည် ကျွန်ုပ်ရောက်ဖူးသည့်နေရာများအနက် မည်သည့်နေရာ၊ မည်သည့်ဆိပ်ကမ်းနှင့်မျှမတူဘဲ သောက်ရေအိုးမှရေကဲ့သို့ ကြည်လင်၍ အလွန်တရာအေးမြသောကြောင့် သကြားနှင့် သံပရာသီးထည့်သောက်လိုက်လျှင် ရှလပတ်ရည်ဖြစ်သွားလေတော့သည်။ (မန္တလေး

**"ဗန်းမော်နှင့် မြစ်ကြီးနားခရီးမှာ ဧရာဝတီကုမ္ပဏီသင်္ဘောများ သွားလာခြင်းမရှိဘဲ အစိုးရသင်္ဘောများသာ သွားလာသည်ဖြစ်သောကြောင့် ရောက်ဖို့အလွန်ခဲယဉ်းသောခရီးဖြစ်၏။ အစိုးရသင်္ဘောများသည်ပင် အလွန်ရေနည်းသည့် (ဧပြီလ ၁၅ ရက်နေ့အထိ) အချိန်အပိုင်းအခြားအတွင်းသာ သွားလာနိုင်၏။ မြစ်ရေနည်းသော အချိန်အပိုင်းအခြားကိုမှရွေးပြီး သွားလာကြရခြင်းမှာ ယင်းဒေသတစ်လျှောက်၌ ဧရာဝတီမြစ်သည် အလွန်ကျဉ်းသည်ဖြစ်၍ မြစ်ရေအတော်အတန်များသည်ဆိုလျှင် ရေစီးကြမ်းသည်နှင့် သင်္ဘောခုတ်မောင်းရန် အလွန်ခဲယဉ်းသောကြောင့်ဖြစ် . . ."**

မြို့၌ရောင်းသော ရှလပတ်ရည်သည်ပင် ရေခဲရှားသော နွေရာသီ၌ ဤမျှလောက်အေးသည် မထင်ပေ) ကြည်လင်လိုက်ပုံကလည်း သင်္ဘောနံဘေး၌ ကပ်လျက်ရှိကြသော ငါးအမျိုးမျိုးတို့မှာ ဖန်ပေါင်းချောင်ထဲတွင် ထည့်ထားသည့် ရွှေငါးများသဖွယ် ထင်ထင်ရှားရှားမြင်နိုင်ပေသည်။ တခြားအချက်မှာ မြစ်ကမ်းပါးတစ်လျှောက်လုံး ဆေးကြိတ်ကျောက်လုံးများဖြင့် ဖြန့်ကြဲလျက်ရှိခြင်းပင်ဖြစ်၏။ မြစ်ဆိပ်သို့ လျှောက်လာကြစဉ် လမ်းခရီး၌ ကျောက်တစ်လုံးတလေတွေ့သည်နှင့် မဆလာကြိတ်ရန် ဆိုကာ လိုလိုမည်မည်ကောက်ယူခဲ့၏။ ရှေ့ဆက်လျှောက်လာသောအခါ ထိုထက်လှသော ကျောက်လုံးကိုတွေ့ရသည်နှင့် ပထမကျောက်လုံးကို ပစ်ချပြီး လဲလှယ်ယူခဲ့၏။ တစ်လုံးထက်တစ်လုံးလှသော ကျောက်လုံးများကိုတွေ့ရသည်နှင့် တစ်လုံးပြီးတစ်လုံးပစ်ချကာ လဲလှယ်ယူခဲ့ရာ နောက်ဆုံးတွင် မြစ်ဆိပ်သို့ရောက်၍ သိန်းသန်းကုဋေရှိနေသော ကျောက်လုံးများကို မြင်ရတော့မှ လက်ရှိကို ပစ်ချပြန်ပြီး အလှဆုံးတစ်လုံးကို ရွေးယူခဲ့ရပါသည်။

### ပထမမြစ်ကျဉ်း

ဧရာဝတီမြစ်သည် မြစ်ကြီးနားဆိပ်ကမ်း၌ပင် တခြားမြို့များမှ ဆိပ်ကမ်းများထက် ကျဉ်းမြောင်းလှပါလေပြီ။ သို့ရာတွင် သင်္ဘောထွက်လာခဲ့၍ ပထမမြစ်ကျဉ်း (First Defile)သို့ ရောက်သောအခါ၌မူ မြစ်တစ်ခု၏အရွယ်မဟုတ်တော့ဘဲ ချောင်းကလေး၏အရွယ် ဖြစ်လာတော့၏။ မြစ်ကြောင်းကျဉ်းမြောင်းလေလေ၊ ရေများသည် စု၍စု၍ လာလေလေဖြစ်ရသောကြောင့် ရေစီးလည်း အလွန်သန်၍ အလွန်တရာလည်း နက်ပုံရသည်။ တချို့နေရာများ၌ ဒလဟောတွန်းထိုးဆင်းသောရေသည် ရှေ့၌ ဆီးကာလျက်ရှိသော တောင်ကြီး သို့မဟုတ် ကျောက်ဆောင်ကြီးများကို အဟုန်ပြင်းစွာဖြင့်တိုက်ခိုက်သည်ဖြစ်သောကြောင့် ရေမှုန်ရေမွှားများသည် တဖွားဖွားလွင့်စဉ်၍ တဝေါဝေါမြည်သောအသံဖြင့် ဆူညံလျက်ရှိ၏။ ကမ်းတစ်ဖက်တစ်ချက်၌ကား အလွန်မြင့်မားသော တောင်ကြီးများသည် ဇွတ်အတင်းထိုးဆင်းသော မြစ်ရေလုံးကို အသာတကြည် လမ်းဖယ်မပေးချင်ဘဲ ကတ်သီးကတ်သတ်လုပ်ကြသည့်လက္ခဏာနှင့် ဟိုမှဆီး သည်မှတား၊ ဟိုမှာခု သည်မှာခံ အတန်တန်ကြိုးစား၍ အနှောင့်အယှက်ပြုသည့်နှယ် နေရာတကာတိုင်းတွင် အတိုက်အခံလုပ်နေဟန်တူ၏။ တချို့နေရာတွင် တစ်ဖက်၌ရှိသော တောင်ကြီးသည် (ပြေးသွားသောလူတစ်ယောက်ကို ခြေထိုး၍ ခံလိုက်ခြင်းကဲ့သို့) မြစ်ရေလုံး၏ရှေ့မှ ကျောက်စွန်းတစ်ခုထုတ်ကာ ကန့်လန့်ခံလိုက်ရာ မြစ်ရေလုံးသည် ကျောက်စွန်းကို အကြမ်းနည်းဖြင့် ဖြိုဖျက်ရန် မတတ်နိုင်သောအခါတွင် အနုနည်းဖြင့် ပွန်းတီးအောင် တဖြည်းဖြည်းလုံးပါးပါးစေ၏။ တစ်ခါတစ်ရံတွင် မြစ်ကြောင်းသည် မည်မျှကျဉ်းမြောင်းပါသနည်းဟူမူ သင်္ဘောဦးမှထိုင်၍ ရှေ့သို့ မျှော်ကြည့်ကာ လိုက်လာသောကျွန်ုပ်သည် ရှေ့တည့်တည့်၌ တောင်ကြီးဆီးလျက်ရှိခြင်းကိုသာမြင်ရ၍ မြစ်ကြောင်းလုံးဝပျောက်ပြီး တောင်ကြီးကို သင်္ဘောဦးဖြင့် ဝင်ဆောင့်ခြင်းမှတစ်ပါး တခြားနည်းလမ်းမရှိတော့ပြီဟု မှတ်ထင်လိုက်ရ၏။ သို့ရာတွင် တောင်ကြီးကို သင်္ဘောဦးဖြင့် ဆောင့်တော့မည့်ဆဲဆဲရှိရာတွင်မှ လက်ယာဘက်၌သော်လည်းကောင်း၊ လက်ဝဲဘက်၌သော်လည်းကောင်း ရေကြောင်းကလေးပေါ်လာ၍ ယင်းဘက်သို့ ဆတ်ခနဲလှည့်ကာ ကွေ့ချိုးလိုက်ခြင်းကို မြင်ရပါတော့သည်။ မြစ်ကြောင်းကျဉ်းမြောင်းရသည့်အထဲတွင် "တံတောင်ဆစ်ချိုး" ကွေ့ရသည့်နေရာပေတကား။ ထိုကဲ့သို့ ချိုးကွေ့လျက်ရှိစဉ် တစ်ချက်တစ်ချက်တွင် သင်္ဘောဦးမှဖြစ်စေ၊ တစ်ချက်တစ်ချက်တွင် သင်္ဘောပဲ့ပိုင်းမှဖြစ်စေ ခုန်ချလိုက်ပါက ကမ်းပေါ်သို့ရောက်နိုင်မည်ဟူ၍ပင် ထင်ရလောက်ပေသည်။

### လူ့စိတ်သည် ခက်လှ၏

ယင်းမြစ်ကျဉ်းအရပ်၌ တစ်ဖက်တစ်ချက်ရှိ တောင်ကြီးများသည် မြင့်မြင့်မားမားကြီးရှိကြ၍ သစ်ပင်များ ထူထပ်စွာပေါက်ရောက်လျက်ရှိကြသဖြင့် ကျွန်ုပ်မြင်ဖူးသည့် တောင်များအနက်တွင် အစိမ်းလန်းဆုံးဖြစ်ပေရာ မြစ်ကြောင်း၏ကျဉ်းမြောင်းခြင်းကြောင့် သင်္ဘောနှင့်ကပ်လျက်ရှိရုံမက တချို့နေရာများတွင် သင်္ဘောပေါ်သို့ပင် မိုးလျက်ရှိသည် ထင်ရ၏။ သစ်ပင်များပေါ်၌လည်း မျောက်များနှင့် တောငှက်အမျိုးမျိုးရှိကြ၍ မျောက်သံ၊ ငှက်သံနှင့် ရေသံတို့ စုပေါင်းရောနှောကာ နားထဲသို့ တိုးဝင်သည်ဖြစ်သောကြောင့် တချို့နေရာများတွင် သင်္ဘောပေါ်၌ အချင်းချင်းစကားပြော၍ မကြားနိုင်လောက်အောင် ဆူညံစွာရှိနေတော့သည်။ (ဤခရီးမှ ပြန်လာ၍ ၁၉၁၇ ခုနှစ်ထုတ် ရူပနန္ဒီဝတ္ထုကို ကျွန်ုပ်ရေးသားရာတွင် ထိုစဉ်က မြင်တွေ့ခဲ့သောရှုခင်းအတိုင်း မှတ်မိသလောက် ရေးထည့်ခဲ့ခြင်းဖြစ်လေသည်။)

**ဆက်လက်ဖော်ပြပါမည်။**

---

## မြစ်သားမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ပျိုးရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု) သွင်းအားစု ပေးအပ်ပွဲကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ပျိုးရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု) သွင်းအားစုပေးအပ်ပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က တောင်သူများ ဆောင်းသီးနှံအပြင် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် နေကြာတို့ကိုတိုးချဲ့စိုက်ပျိုးရန်နှင့် အထွက်နှုန်းကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးက စီမံကိန်းလုပ်ငန်းကို စုဖွဲ့စနစ်ဖြင့်ဆောင်ရွက်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိသားစုဝင်ငွေများတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်၊ ဒေသထွက်ကုန်များကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းများလည်ပတ်လုပ်ကိုင်နိုင်စေရန်၊ စီးပွားရေးငွေအရင်းအမြစ် စဉ်ဆက်မပြတ်ရရှိစေရန်နှင့် ဒေသအတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရန် ပြောကြားပြီး တောင်သူများအား သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းမင်းထွန်း(ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

> ◆ ယနေ့အချိန်တွင် ချင်းပြည်နယ်၏နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကိုပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာ ရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှ . . .

> ◆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ၊ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၊ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုကြရန်ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိ . . .

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင်ကျရောက်သည့် (၇၇)နှစ်မြောက် **"ချင်းအမျိုးသားနေ့"**နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားများ မျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကိုဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို **"ချင်းအမျိုးသားနေ့"** အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများကျင်းပခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိစွာဖြင့် ခံ့ညားထည်ဝါစွာရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင် တို့သည် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် (၃)ကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်၊ ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီးဇေယျကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့်တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ်ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကိုဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကိုပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသောလူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန်လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အစမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသောမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အဦများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့်ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကိုချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော **MSME** ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**စာမျက်နှာ ၆ သို့** ❐

❐ စာမျက်နှာ ၅ မှအဆက်

မိမိတို့ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်စုံကြရန် လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်း တိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာအပြင် အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင်သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကို တိုးတက်အောင်မြင်အောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**◆ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်၊ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကိုအရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ပန်ကြားလို . . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့်အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ပန်ကြားလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကိုဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)တွင် လျာထားချက် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းခင်းစီမံချက်အဆင့်(၂) နှင့် (၃) တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ လျာထားဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်းတစ်သောင်းကျော် ထုတ်ပေးရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဒေသအချို့၌ ဖြစ်ပွားခဲ့သည့်အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းသွားလာနေထိုင်မှုများ ရှိနေကြပြီး ယင်းတို့၏ စာရင်းအချက်အလက်များ တိကျမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိ ကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက်ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းခင်းစီမံချက်အဆင့် (၃) လျာထား သတ်မှတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများစာရင်းကောက်ယူပြုစုဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန အဆောက်အအုံ၌ ကချင်ပြည်နယ် ဗန်းမော်ဒေသမှ ယာယီရွှေ့ပြောင်းရောက်ရှိလာကြသည့် ခရိုင်နှင့်မြို့နယ်အချို့မှ ဝန်ထမ်းများကို သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး အဆိုပါအဆောက်အအုံအတွင်း ယာယီရုံးခွဲများဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းများနေထိုင်နိုင်ရေး၊ ရေ မီး ရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါးခင်းကုန်းဓမ္မာရုံ၌ ချမ်းအေးသာစံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လုပ်ငန်းစဉ် အဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြား ရရှိသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့်မိတ္တူလျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှု၊ မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့်ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ ဧည့်ရိပ်သာခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိတိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးကို တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီးမြို့နယ် ၂၆ မြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာနနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စဉ်ဆက်ပညာရေးလုပ်ငန်းဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၌ လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူများကို ဦးတည်အုပ်စုအဖြစ် သင်ကြားပေးသည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖြင့် သင်ကြားပေးခဲ့သူပေါင်း ၇၈၃၉၇ ဦး ရှိကြောင်း၊ စာတတ်မြောက်ရေးသင်ကြားပြီးခဲ့သူများ၊ ငယ်စဉ်က မူလတန်းပညာသာ သင်ကြားခဲ့ရသူများနှင့် မူလတန်းပညာကို တစ်ပိုင်းတစ်စသင်ကြားခဲ့ရသူများအတွက် ရောဝတီတိုင်းဒေသကြီးအပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခု၊ ဧရိယာခြောက်ခုတွင် သင်ကြားနေဆဲ လျာထားစာသင်သားပေါင်း ၃၈၇၅၇ ဦးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍ စဉ်ဆက်ပညာရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်များရှိ စာသင်ဝိုင်းများတွင် ၁ ရက် ပျမ်းမျှ ၃ နာရီနှုန်းဖြင့် သင်ကြားပေးသွားနိုင်ရေးကို မြို့နယ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက ထိထိရောက်ရောက် ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၂၆ မြို့နယ်တွင် အစီအစဉ် ၃ ရပ် သင်ကြားအသိပညာပေးနိုင်ရေးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရောဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ကြီးကြပ်၊ နည်းပြများနှင့် စာသင်သားများအတွက် စာသင်သားသုံး ထောက်ပံ့ပစ္စည်းနှင့် စာသင်ဝိုင်းသုံး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ စာသင်သားကိုယ်စားလှယ်များနှင့် နည်းပြကြီးကြပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းပညာရေးမှူးနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် စေတနာလုပ်အားပေး နည်းပြ ၃၁၀၉ ဦးနှင့် ကြီးကြပ်ပေါင်း ၄၀၃ ဦးတို့က လျာထားစာသင်သားပေါင်း ၂၅၀၁၆ ဦး၊ စာသင်ဝိုင်းပေါင်း ၁၇၇၁ ဝိုင်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ယင်းဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ (၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များမှ သတ်မှတ်ပေးထားသော ဒေသဈေးနှုန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ နှင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို စနစ်တကျ စစ်ဆေးရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အင်ဂျင်နီယာများအား ခန့်မှန်းခြေစာရင်းများ စိစစ်ရာတွင် သိရှိလိုက်နာရမည့် စံနှုန်းသတ်မှတ်ချက်များ တစ်ပြေးညီဖြစ်စေရေးအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ကြီးကြပ်စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် လုပ်ငန်းများရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အတွင်း ပြီးစီးရေးလိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မန္တလေး)နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းတို့ ပူးပေါင်း၍ Yunnan Economics Trade and Foreign Affairs College ၏ အကူအညီဖြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၃) ဦးခွန်နေထွန်းဦး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Yunnan Economics Trade and Foreign Affairs College မှ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ သင်တန်းပို့ချပေးမည့် တရုတ်နိုင်ငံမှ သင်တန်းနည်းပြဆရာများ၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊သင်တန်းသား၊ သင်တန်းသူများ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက တရုတ်ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် တရုတ်အစားအစာချက်ပြုတ် ပြင်ဆင်ရောင်းချလိုသူများအတွက်အကျိုးရှိစေရန်ရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်ပြီး Yunnan Economics Trade and Foreign Affairs College မှ ဒုတိယကျောင်းအုပ်ကြီး၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား စာတွေ့/လက်တွေ့သင်ကြား ပို့ချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ပီတိလေးများ မျှဝေလို

**"ကျောက်ကပ်အစားထိုးမှုမလုပ်ခင် ကြိုတင်ပြင်ဆင်မှုတွေလုပ်ရပါတယ်။ ကျင့်ဝတ်ဘုတ်တို့၊ ဆေးဘုတ်တို့ကလည်း ကြီးကြပ်ရတယ်။ ပြီးတော့ ခုနက အဖွဲ့တွေအားလုံးပေါင်းပြီး ကျောက်ကပ် အစားထိုးခွဲစိတ်မှုလုပ်ပါတယ်။**

**ကျွန်မတို့ရဲ့ပီတိက လူနာရဲ့ဆီးထွက်တာကို မြင်ရတဲ့အချိန်ကစပြီးဖြစ်ပါတယ်။ လူနာနဲ့ လူနာရှင်တွေကလည်း ဆီးပိုက်ထဲကထွက်လာတဲ့ဆီးတွေကိုမြင်ရရင်ပဲ ဝမ်းသာနေကြပါပြီ။ တကယ်တော့ နာတာရှည်ကျောက်ကပ်လူနာနဲ့ သူ့ရဲ့မိသားစုတွေက သူတို့လူနာရဲ့ကျောက်ကပ်က မကောင်းလို့ ဆီးမထွက်တာ၊ အခု ကျောက်ကပ်အသစ်က အလုပ်လုပ်နေလို့ ဆီးထွက်တာဆိုတာ သိတယ်။ အဲဒါကြောင့် ဆီးတွေအများကြီးထွက်နေတာကိုကြည့်ပြီး ပျော်နေကြတယ်။ ပီတိဖြစ်နေကြတာပေါ့ . . ."**

ပီတိလေးများကို မျှဝေလိုပါတယ်။ အဲဒီစိတ်လေးဖြစ်လာတာ ဇန်နဝါရီလ ၂၈ ရက်ညကဖြစ်ပါတယ်။ အောင်ပန်းဆေးရုံကြီးရဲ့ ထူးခြားတဲ့ညတစ်ညလို့လည်း ပြောလို့ရပါတယ်။ အောင်ပန်းဆေးရုံကြီးမှာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ခဲ့တဲ့ သုံးနှစ်ပြည့်အထိမ်းအမှတ်ပွဲလေးဖြစ်ပါတယ်။

အခုဆိုရင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ခဲ့တာ အတွဲပေါင်း ၅၀၀ နီးပါးရှိပါပြီ။ မင်္ဂလာဒုံဆေးရုံကြီး၊ နေပြည်တော်ဆေးရုံကြီး၊ ပြင်ဦးလွင်ဆေးရုံကြီးနဲ့ အောင်ပန်းဆေးရုံကြီးတွေမှာ လုပ်ခဲ့တဲ့ အတွဲစုစုပေါင်းအရေအတွက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နာတာရှည်ကျောက်ကပ်လူနာ ၅၀၀ ဟာ ကျောက်ကပ်ကုစက်နဲ့ တစ်ပတ် နှစ်ခါဆေးစရာမလိုဘဲ သူတို့ခန္ဓာကိုယ်ထဲမှာ အစားထိုးထားတဲ့ ကျောက်ကပ်အသစ်နဲ့ အဆင်ပြေနေတယ်လို့ ဆိုလိုတာပါ။

အောင်ပန်းဆေးရုံကြီးမှာ သုံးနှစ်တာကာလအတွင်း လူနာအတွဲပေါင်း ၄၁ တွဲကို ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ မိမိရဲ့မောင်နှမအရင်းတွေဆီက ကျောက်ကပ်ရသူတွေများပါတယ်။ မိဘက သား၊ သမီးကို ကျောက်ကပ်ပေးတာလည်းရှိသလို သား၊ သမီးက မိဘကို ကျောက်ကပ်ပေးတာလည်းရှိပါတယ်။ ဇနီးမောင်နှံတွေ အချင်းချင်းလှူကြတာလည်း ရှိပါတယ်။ ဒီလို မိသားစုအရင်းအချာတွေဆီက ကျောက်ကပ်ရနိုင်ဖို့ အခွင့်အရေးမရှိရင်တော့ ဆွေမျိုးနီးစပ်မိတ်ဆွေအပေါင်းအသင်းတွေဆီက ကျောက်ကပ်အလှူခံရတာတွေလည်းရှိပါတယ်။

ဒီလိုမျိုး နာတာရှည်ကျောက်ကပ်လူနာတွေက အပတ်စဉ် ကျောက်ကပ်ကုစက်နဲ့ ဆေးတာကို ကရိကထများတော့ စိတ်တိုင်းမကျကြပါဘူး။ ဆေးရုံမှာ ကျောက်ကပ်ဆေးရင်း ဆေးရုံကရောဂါတွေ မတော်တဆကူးစက်ခံရမှာ စိုးရိမ်ကြပါတယ်။ အထူးသဖြင့် လေထဲမှာ အမှုန်အမွှားအနေနဲ့ရှိတဲ့ ပိုးတွေကလည်း အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်နိုင်တာကြောင့်ဖြစ်ပါတယ်။ အဲဒီတော့ လူနာအများစုက ကျောက်ကပ်အစားထိုးဖို့ကိုပဲ စိတ်အားထက်သန်ကြပါတယ်။ ဒီလိုနဲ့ပဲ ကျောက်ကပ်အစားထိုးမှုကို စတင်ခဲ့ပါတယ်။ ကျောက်ကပ်လူနာနဲ့ သူ့ရဲ့အလှူရှင်နှစ်ဦးက သွေးအုပ်စုတူတယ်။ အသားတစ်သျှူးအမျိုးအစားချင်း လိုက်လျောညီထွေရှိတယ်ဆိုရင် အဆင်ပြေကြတာများပါတယ်။ လိုက်လျောညီထွေမှုမရှိတာ အနည်းအကျဉ်းဆိုရင်တော့ ကိုယ်ခံအားလျှော့ဆော်မှုလျော့တဲ့ ဆေးနဲ့ဖြေရပါတယ်။ ဒီလိုကျောက်ကပ်အစားထိုးမှုအဖွဲ့မှာပါတဲ့ အဖွဲ့တွေကတော့ ကျောက်ကပ်သမားတော်အဖွဲ့၊ ကျောက်ကပ်ခွဲစိတ်အဖွဲ့၊ ကျောက်ကပ်သွေးကြောဆက်တဲ့အဖွဲ့၊ မေ့ဆေးပါရဂူအဖွဲ့၊ ဓာတ်မှန်ပါရဂူအဖွဲ့၊ ဓာတ်ခွဲပါရဂူအဖွဲ့နဲ့ ပိုးမွှားဆိုင်ရာပါရဂူအဖွဲ့တွေရှိပါတယ်။ ဒီအဖွဲ့တွေမှာပါတဲ့ ဆရာဝန်တွေရော သူနာပြုတွေပါ အရေးပါပါတယ်။

ကျောက်ကပ်အစားထိုးမှု မလုပ်ခင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရပါတယ်။ ကျင့်ဝတ်ဘုတ်တို့၊ ဆေးဘုတ်တို့ကလည်း ကြီးကြပ်ရတယ်။ ပြီးတော့ ခုနက အဖွဲ့တွေအားလုံးပေါင်းပြီး ကျောက်ကပ်အစားထိုးခွဲစိတ်မှုလုပ်ပါတယ်။

ကျွန်မတို့ရဲ့ပီတိက လူနာရဲ့ဆီးထွက်တာကို မြင်ရတဲ့အချိန်ကစပြီးဖြစ်ပါတယ်။ လူနာနဲ့ လူနာရှင်တွေကလည်း ဆီးပိုက်ထဲကထွက်လာတဲ့ဆီးတွေကို မြင်ရရင်ပဲ ဝမ်းသာနေကြပါပြီ။ တကယ်တော့ နာတာရှည်ကျောက်ကပ်လူနာနဲ့ သူ့ရဲ့မိသားစုတွေက သူတို့လူနာရဲ့ကျောက်ကပ်က မကောင်းလို့ ဆီးမထွက်တာ၊ အခု ကျောက်ကပ်အသစ်က အလုပ်လုပ်နေလို့ ဆီးထွက်တာဆိုတာသိတယ်။ အဲဒါကြောင့် ဆီးတွေအများကြီးထွက်နေတာကိုကြည့်ပြီး ပျော်နေကြတယ်။ ပီတိဖြစ်နေကြတာပေါ့။

ကျောက်ကပ်အလှူရှင်ကလည်း သူကျောက်ကပ်ပေးထားရတဲ့လူနာက ဆီးသွားနေပြီး နေကောင်းတယ်လို့ပြောလိုက်ရင်ပဲ သူ့ရဲ့ခွဲစိတ်တဲ့ဒဏ်ရာက အနာလည်း ပျောက်သွားတာ။ လူနာလည်းပျော်၊ လူနာရဲ့မိသားစုလည်းပျော်၊ အလှူရှင်လည်း ပျော်နေကြပြီး အနားမှာလုပ်ဆောင်နေတဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေအားလုံးရဲ့ ပီတိတွေကိုမြင်ရတယ်။

အဲဒီလိုမျိုး အပျော်တွေပေးနိုင်အောင် ကျွန်မတို့ကို ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ မိဘ၊ ဆရာသမားတွေအားလုံးကိုရော၊ ဒီပညာတွေကို ဆည်းပူးခွင့်၊ လက်တွေ့လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ ဆရာသမားအားလုံးကိုရော ကျွန်မတို့ကျောက်ကပ်အစားထိုးအဖွဲ့က ကန်တော့ပါတယ်။ မိဘဆရာသမားတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးလည်း လူနာနဲ့ လူနာရှင်မိသားစုတွေရဲ့ပျော်ရွှင်မှုကို ပီတိဖြစ်နေကြမှာပါ။

အောင်ပန်းဆေးရုံရဲ့ ဇန်နဝါရီလ ၂၈ ရက်ညမှာ ဆေးရုံအုပ်ကြီးက ညစာစားပွဲလုပ်ပါတယ်။ ကျောက်ကပ်အစားထိုး သုံးနှစ်ပြည့်အထိမ်းအမှတ်ပွဲမှာ အောင်ပန်းဆေးရုံမှာ ကျောက်ကပ်အစားထိုးကုသမှုခံယူခဲ့တဲ့လူနာတွေ၊ သူတို့ရဲ့အလှူရှင်တွေအားလုံးကို ဖိတ်ထားပါတယ်။ ကျောက်ကပ်အစားထိုးပြီးတဲ့လူနာတွေကို ပြန်တွေ့တဲ့အခါ သူတို့တွေအားလုံးက စိုပြည်ဝဖြိုးနေကြလို့ မှတ်တောင်မမှတ်မိတော့ဘူး။

ဒီကျောက်ကပ်အစားထိုးတဲ့ လူနာတွေကလည်း မြန်မာနိုင်ငံအရပ်ရပ်မှာနေကြတာဖြစ်ပါတယ်။ သူတို့ကလည်း ဒီပွဲကို တက်ဖြစ်အောင်တက်တယ်။ ဘယ်လောက်ပျော်စရာကောင်းလဲလို့။ ဒါ့ပြင် ကျောက်ကပ်အစားထိုးထားသူ (အမျိုးသမီးအဖွဲ့)ကလည်း စင်ပေါ်မှာ သီချင်းဆိုပါတယ်။ အမျိုးသားအဖွဲ့ကလည်း သီချင်းဆိုပါတယ်။ အသက်အကြီးဆုံး ကျောက်ကပ်အစားထိုးထားသူဆိုရင် ၆၇ နှစ်လောက်ရှိပါပြီ။ သူတို့အားလုံးပြုံးရွှင်နေတာပဲ။ ထူးထူးခြားခြား ဒီကျောက်ကပ်အစားထိုးတဲ့လူတွေထဲမှာ တင်ပါးဆုံရိုးနှစ်ဖက်စလုံး အဆစ်အစားထိုးထားတဲ့ မိန်းကလေးလည်းပါတယ်။ သူက သုံးခုအစားထိုးထားတယ်။ ကျောက်ကပ်နဲ့ တင်ပါးဆုံရိုးနှစ်ခုပေါ့။ သူဆိုရင် အလုပ်တောင်ပြန်လုပ်နေပြီလေ။

ကျွန်မတို့ ကျောက်ကပ်အစားထိုးအဖွဲ့က အစားထိုးဖို့ပြင်ဆင်ချိန်မှာလည်း စိတ်ပူရ၊ ခွဲစိတ်ချိန်မှာလည်း စိတ်ပူရ၊ ခွဲစိတ်ပြီးချိန်မှာလည်း စိတ်ပူရတာတွေဖြစ်ကြရပါတယ်။ လူနာစိတ်ချရပြီဆိုမှ အပူလုံးကြီးကျသွားပြီး စိတ်အေးရတယ်။ အခု ဒီသုံးနှစ်ပြည့်ပွဲကြီးမှာတော့ ပီတိတွေ၊ ပျော်ရွှင်မှုတွေ၊ ကြည်နူးမှုတွေက ကျွန်မတို့ ကျောက်ကပ်အစားထိုးအဖွဲ့ရော၊ ကျောက်ကပ်အစားထိုးထားသူတွေအားလုံးနဲ့ သူတို့ရဲ့မိသားစုတွေမှာရော မြင်တွေ့နေရပါတယ်။ ကျွန်မဒီပီတိလေးတွေကိုမျှဝေရင်း ကမ္ဘာ့ကျောက်ကပ်ကျန်းမာရေးနေ့ကို ကြိုဆိုရေးသားလိုက်ရပါတယ်။ ။ **ပါမောက္ခဒေါက်တာခင်ဖြူပြာ**

---

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ



ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနနှင့် အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်က အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် သစ်တောဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ 3D မီးသတ်ပိုက်ခေါင်းအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် အမြုပ်မီးသတ်ဆေးရည်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

---

# အခြေခံပညာမူလတန်းကျောင်း (ဦးသီလ)၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ဇလွန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်က ဇလွန်မြို့ အခြေခံပညာမူလတန်းကျောင်း (ဦးသီလ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မိုးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအကြောင်းအရာများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးက ကျောင်းမုန့်ဈေးတန်းနှင့် ပြင်ပဈေးဆိုင်များ၌ ကျောင်းသား၊ ကျောင်းသူများ စားသုံးရန်မသင့်သော အစားအစာများကို ဝယ်ယူစားသုံးခြင်းဖြင့် ရရှိလာမည့်ဆိုးကျိုးများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်လွင်ထွေးက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကို အသီးသီး အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး



**တောင်ကြီး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝါးလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၉ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဝါးလှကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၄ သန်းကိုအသုံးပြုကာ တောင်ကြီး ခရိုင်/မြို့နယ် ဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင် (ကျေးလက်)**

# ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ဧက ၁၂၀၀၀ ကျော်ရိတ်သိမ်းပြီးစီး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသော မြေပဲစိုက်ဧက ၁၂၀၀၀ ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

" ဒီနှစ် ဆောင်းရာသီမှာ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းစေ့သီးနှံများစိုက်ပျိုးကြပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ အခုအခါ ၁၂၃၇၅ ဧကရိတ်သိမ်းပြီး တစ်ဧကလျှင် ၇၅ ဒသမ ၂၅ တင်းထွက်ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး သီးထပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



၂၀၂၄-၂၀၂၅ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွန်းလှမြို့နယ်၌မြေပဲစိုက်ပျိုးရန် ၁၃၈၉၆ ဧက လျာထားပြီး ၁၄၂၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းပြပွဲများပြုလုပ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများကို ယခင်ကထက်ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်း စားသုံးဆီဖူလုံလာမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မြိတ်မြို့နယ်၌ မြေအောက်ရေရှာဖွေတိုင်းတာခြင်းဆောင်ရွက်

**မြိတ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်အတွက် မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ မြေအောက်ရေတိုင်းတာခြင်းကို တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မြေအောက်ရေရှာဖွေတိုင်းတာရေးအဖွဲ့မှ တာဝန်ရှိသူများက ကန်သာယာကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ မြေအောက်ရေရှာဖွေတိုင်းတာကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား မြေအောက်ရေရှာဖွေတိုင်းတာရခြင်း၏အားသာချက်များ၊ သောက်သုံးရေရရှိနိုင်သည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများတွင်သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီကတည်းက မြေအောက်ရေရှာဖွေတိုင်းတာခြင်းများ ကြိုတင်ဆောင်ရွက်ထားသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိသည့်အပြင် ကျေးလက်နေပြည်သူများအတွက် ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

**နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

# လှပချစ်စဖွယ် ချင်းပြည်နယ်

* အေးချမ်းလို့ ပျော်စရာ
တောင်ပေါ်ဒေသပါ။
ရောက်လာခဲ့ပြီ ပြည်နယ်နေ့
စိတ်မှာလွန်ချမ်းမြေ့။

* ရိုးရာဓလေ့ ကြည့်ပါလျှင်
ရိုးသားကြအစဉ်။
ပြည်နယ်တစ်ခွင် ကြည့်ပါလား
တောင်ဇလပ်ပန်းများ။

* ရဲရင့်စိတ်ထား ရှိသူမှာ
ဗိုလ်ကြီးတိုက်ချွန်းပါ။
နိုင်ငံတွက်သာ အဓိက
အောင်ဆန်းသူရိယ။

* ဖွံ့ဖြိုးလှပ အသွယ်သွယ်
ထိန်းသိမ်းကြရမယ်။
အဖျက်ရန်စွယ် ဝိုင်းကာတား
လှပစုံလင်များ။

* တိုးတက်ကြီးပွား များပြည်သူ
ပြည်နယ်အောင်လံထူ။
စိတ်တူကိုယ်တူ ကြိုးစားပေး
ချင်းအမျိုးသားရေး။

* ရှေ့သို့မြော်တွေး အမြင်ကျယ်
ဆောင်ရွက်ကြစို့ကွယ်။
ချင်းပြည်နယ်ရဲ့ အလှများ
လွန်စွာပေါ်ကြွယ်ထား။

* သူရဲကောင်းများ ထွန်းကားရာ
ချင်းပြည်နယ်လည်းပါ။
နိုင်ငံတွက်သာ အဓိက
ထူးချွန်လှပေစွ။

* သာယာလှပ နယ်တစ်ခွင်
ဖေဖော်ဝါရီတွင်။
၂၀ ရက်ပင် သတ်မှတ်ထား
ပြည်နယ်နေ့ထင်ရှား။

* တို့တိုင်းရင်းသား ချင်းပြည်နယ်
လူမျိုးဂုဏ်တင့်တယ်။
အသိဉာဏ်ကြွယ် တိုးတက်ရေး
ကြိုးစားကြစို့လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှစတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

**(က) မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀)အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင်ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကဒ်များခင်းပြီး သိုလှောင်ထားရန်

**(ခ) မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများအချိန်မီ ဖယ်ရှားရေး၊ အချိန်မီမြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များရေးဆွဲဆောင်ရွက်ရန်

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက်ကောင်းသောနုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ်စိုက်ပျိုးရန်

**(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပတ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့်အခြောက်လွန်သွားသော စိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင်ဝါကိုနောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များအစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီ အချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များတွယ်ကပ်မှုမရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့် သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေးပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော်လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း၊ အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီအနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်း ပေါင်းသတ်ထားရန်

**(ဃ) စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှမ်းသီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် ပတ်သက်၍ စံပြစိုက်ခင်း ပြုလုပ်မည့်နေရာများရွေးချယ်ပြီး စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးသည်စက်ကိရိယာ သုံးစွဲနိုင်မှုနှင့် ဆက်စပ်နေသောကြောင့် မိတ္ထီလာခရိုင်အတွင်း လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်ခြင်း၊ တောင်သူပညာပေးသရုပ်ပြပွဲများ ပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကစက်မှုလယ်ယာဝန်ဆောင်မှုအသင်းများအားကောင်းလာစေရေးအတွက် ဌာနနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုအသင်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လေးလက်မစက်ရေတွင်း တူးဖော်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပြီးစီးပါက နွေနှမ်းစံပြစိုက်ကွက်များ အထွက်နှုန်းပိုမိုကောင်းစေရန်နှင့် တောင်သူအစုအဖွဲ့တွင် ညီညွတ်မျှတစွာ ရေရယူသုံးစွဲနိုင်ရေးအတွက် ရေခွဲဝေသုံးစွဲမည့်စနစ်ကို သေချာစီမံဆောင်ရွက်ပေးသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် - ၃ ၌ ကျင်းပသည်။

ဦးစွာအမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်အပေါ် မြန်မာနိုင်ငံကလိုက်ပါအကောင်အထည်ဖော်ပြီးမြောက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ၆၄ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အလယ်အလတ်အဆင့်တွင် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရန် မူလကသတ်မှတ်ထားသည့်ရက်စွဲများထက်စော၍ ပြီးစီးကြောင်း အသိပေးအကြောင်းကြားထားသောအဖွဲ့ဝင် ၁၇ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်ကိုတွေ့ရှိရကြောင်း၊ လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးမြောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုသည့်ကဏ္ဍမှာ အလွန်ကျယ်ပြန့်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ပါ အချက်များသာမက ကုန်သွယ်မှုလမ်းကြောင်းများ၊ အခြေခံအဆောက်အဦလိုအပ်ချက်များပါ အကျုံးဝင်နေသည့်အတွက် လုပ်ငန်းအဖွဲ့ဝင်ဌာနများအနေဖြင့် ယင်းသဘောတူညီချက်ပါ အစီအမံများသာမက မိမိတို့ဌာနအလိုက် လွယ်ကူချောမွေ့စေရေးဆောင်ရွက်နိုင်မည့် ကိစ္စရပ်များရှိပါကလည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။



အစည်းအဝေး၌ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၊ အတွင်းရေးမှူးက ယခင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အစီရင်ခံတင်ပြခြင်း၊ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့အသီးသီးမှ လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်သည့် အစီအမံများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်အရ ဖွဲ့စည်းထားသော အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီအောက်ရှိလုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပြီး ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ရန်ကျန်ရှိနေသည့် အစီအမံများအား သတ်မှတ်အချိန်အတွင်း ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အတူတကွဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့်လုပ်ငန်းအဖွဲ့များက လုပ်ငန်းစဉ်တစ်လျှောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ကော်မတီဥက္ကဋ္ဌများက တိုက်တွန်းပြောကြားခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များနှင့် ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နပန်းနှင့်ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်တို့မှဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလပ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလပ်နည်းပြနှင့် ဒိုင်သင်တန်းတွင်အင်ဒိုနီးရှားနိုင်ငံမှနည်းပြ TITIH HAYATI ကသင်တန်းသား၊သင်တန်းသူ ၃၆ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချနေမှုများနှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)တွင် စတင်စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ခြင်းလုံးအားကစားအဖွဲ့၏လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနပန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရန်၊ နပန်းအားကစားနည်း ပြန်လည်ရှင်သန်ပြန့်ပွားလာစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခင်ရရှိခဲ့သည့် အောင်မြင်မှုများအတိုင်း ပြန်လည်ရရှိစေရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နပန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဒုတိယဥက္ကဋ္ဌတို့က နပန်းအားကစားနည်း တိုးတက်ပြန့်ပွားစေရေး လက်ရှိဆောင်ရွက်နေသည့်အခြေအနေများ၊ ဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းအစီအမံများ၊ အားကစားသမားများကိုရွေးချယ်ခြင်းနှင့် စခန်းသွင်းလေ့ကျင့်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်အောင်မြင်မှုဆုတံဆိပ်များပိုမိုရရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံရာ ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်က ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ စခန်းဝင်လေ့ကျင့်မှုများ၊ ပံ့ပိုးထောက်ပံ့ပေးမှုများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရယူပေးနိုင်ခဲ့ကြောင်း၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပိုမိုအောင်မြင်မှုများရရှိအောင် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# (၈၇)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၇) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီဗဟိုကောင်စီဝင်တိုင်းဒေသကြီး/ပြည်နယ်များမှကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်လည်း နာဂစ်မုန်တိုင်း၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့် တိုင်ဖွန်းမုန်တိုင်း ရာဂိကဲ့သို့ သဘာဝဘေးအန္တရာယ်သာမက ကိုဗစ်-၁၉ ကဲ့သို့သော ရောဂါကျရောက်ချိန်များမှာပါ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂိကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများကို အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် လုပ်ဆောင်ပေးခဲ့ကြခြင်းကို မီဒီယာများတွင်တွေ့မြင်ရကြောင်း၊ ထိုကဲ့သို့ အစီအစဉ်ကောင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် မူးယစ်ဆေး၏ဆိုးကျိုးများကို အများသိအောင် အသိပညာပေးရာတွင် ကြက်ခြေနီအနေဖြင့်ပါဝင်ပေးကြရန် အခွင့်ကြုံတုန်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အစည်းအဝေးတွင် ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများအတွက်ထိရောက်မှုပိုရှိမည့်အကြံဉာဏ်များကို ထည့်သွင်းစဉ်းစားပေးကြရန် အရေးကြီးကြောင်း၊ အထူးသဖြင့် မျိုးဆက်သစ်ကြက်ခြေနီလူငယ်များ၏စွမ်းဆောင်ရည်ပိုမိုတိုးတက်အောင် မည်သို့လေ့ကျင့်ပေးသင့်သည်ဆိုသောအစီအစဉ်များကို ထည့်သွင်းစဉ်းစားပေးကြရန် လေးလေးနက်နက်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်က အသင်း၏လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြပြီး (၈၇)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကိုပြသသည်။

(၈၇)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)


# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က) အဆင့်နှင့် (ခ) အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။


အဆိုပါစစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် တတိယနေ့ ဆက်လက်ကျင်းပ







မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် တတိယနေ့တွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Burmese Golf (BG)က အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ တတိယနေ့ကို ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိမြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲတွင် နိုင်နိုင်လင်းနှင့် သိန်းနိုင်စိုး (HAN Golf Masters)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၅ ချက်လျော့ရိုက်ကာ ထိပ်ဆုံးတွင် ပူးတွဲဦးဆောင်နေပြီး သီဟဌေး (HAN Golf Masters)နှင့် မျိုးဝင်းအောင်(PMA Association) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၄ ချက်လျော့ရိုက်၍ အဆင့် ၃ နေရာတွင် ရပ်တည်လျက်ရှိသည်။ Senior Pro အဆင့်တွင်မူ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ပြီး နှစ်ရက်ပေါင်းရိုက်ချက် ၁၃၀ ချက်ဖြင့် ပထမ၊ ခင်ဇော်ဝင်း(KPG)နှင့် စိုးကျော်ကျော်နိုင် (Taylormade) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ဒုတိယတွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယခုပြိုင်ပွဲအပြီးတွင် ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

### ၁၉-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စိုက်ပျိုးရေးနှင့်ဆက်နွှယ်သော MSME လုပ်ငန်း

နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတွင်း ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် တိုက်ရိုက်သက်ဆိုင်နေပေရာ အရည်အသွေးကောင်းထုတ်ကုန်များအမြောက်အမြားထုတ်လုပ်နိုင်ရေးသည် များစွာအရေးကြီးလှပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံများကိုလေ့လာကြည့်လျှင် ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားသောတိုင်းပြည်များဖြစ်ပြီး နိုင်ငံကုန်ထုတ်လုပ်မှု၏ အသက်သွေးကြောမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖြစ်ကြောင်း သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။

လေ့လာမှုစစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ MSME လုပ်ငန်းများဖြစ်ကြပြီး အလုပ်အကိုင်များ၏ ၅၀ ရာခိုင်နှုန်းကျော်ကို MSME လုပ်ငန်းများက ဖန်တီးပေးထားကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၌ ပါဝင်သောလုပ်ငန်းများတွင် ၂ ရာခိုင်နှုန်းသာ အကြီးစားလုပ်ငန်းဖြစ်ပြီး ၉၈ ရာခိုင်နှုန်းမှာ MSME လုပ်ငန်းများဖြစ်သည်။ MSME လုပ်ငန်းများသည် တိုင်းပြည်အနှံ့နေရာဒေသမရွေးရှိသဖြင့် ယင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာကာ ဆင်းရဲမှုကိုများစွာလျှော့နည်းသွားစေနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် စက်မှုဇုန်ပေါင်း ၆၀ ခန့်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ထိုအထဲတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ပါဝင်သည်။ ၎င်းတို့ကို ကဏ္ဍအလိုက် အမျိုးအစားခွဲခြားလိုက်လျှင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၂၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၁၆ ရာခိုင်နှုန်းရှိနေသည်။

ပြည်တွင်းထုတ်ကုန်များဖြစ်ကြသော လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဖျော်ယမကာများ၊ အဝတ်အထည်များ၊ အိမ်သုံးကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ စာအုပ်နှင့်စာရေးကိရိယာများ၊ လယ်ယာလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့်ကိရိယာများစသည်တို့ကို ထုတ်လုပ်ရောင်းချဝန်ဆောင်မှုပေးသောလုပ်ငန်းများသည် MSME လုပ်ငန်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေတောင်သူလယ်သမားများဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အခြေခံကျသောလုပ်ငန်းဖြစ်ပြီး MSME ကဏ္ဍနှင့် နီးကပ်စွာဆက်နွှယ်နေသည်။ စိုက်ပျိုးရေးထုတ်ကုန်များကို MSME လုပ်ငန်းများအတွက် အခြေခံပစ္စည်းများအဖြစ် အသုံးပြုလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများသည် MSME ၏ အဓိကလမ်းကြောင်းတစ်ခုဟုပင်ဆိုနိုင်သည်။ ထို့ကြောင့် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်**



**လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"** ဟူသည့် ဦးတည်ချက်နှင့်အတူ **"တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"** ဆိုသော စီးပွားရေးဦးတည်ချက်များဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးထုတ်ကုန်များကို MSME လုပ်ငန်းများဖြင့် အဆင့်မြှင့်တင်၍ ကုန်ချောအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေပိုမိုရရှိရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

MSME လုပ်ငန်းများမှာ စားသုံးသူလက်ဝယ်သို့ ကုန်ပစ္စည်းရောက်ရှိသည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် လုပ်ငန်းနယ်ပယ်အလိုက် ပါဝင်ပတ်သက်သူများဖြစ်ကြပြီး ၎င်းတို့ထဲတွင် စိုက်ပျိုးထုတ်လုပ်သူများ၊ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်သူများ၊ လက်လီလက်ကားရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ စသည်တို့ပါဝင်သည်။ မိမိတို့နိုင်ငံသည် ကမ္ဘာ့နိုင်ငံအားလုံးထဲတွင် ပဲတင်ပို့မှုဒုတိယအများဆုံးနှင့် ဆန်တင်ပို့မှုအများဆုံးနိုင်ငံများ၏ အဆင့်(၈)နေရာတွင်ရှိရာ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားပြီး စိုက်ပျိုးရေးထုတ်ကုန်အများဆုံး တင်ပို့ရောင်းချသည့် နိုင်ငံတစ်ခုအဖြစ်မှတ်ယူနိုင်သည်။ စိုက်ပျိုးပြီးထွက်ရှိလာသည့် သီးနှံများကို ၎င်းတို့အတိုင်းတင်ပို့ရောင်းချပါက ဈေးနှုန်းအနည်းငယ်သာရနိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ရောင်းချလျှင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်မည့်အပြင် ကုန်ပစ္စည်းများမှလည်း ဈေးနှုန်းမြင့်မားစွာရရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် MSME လုပ်ငန်းများသည် ကုန်ကျစရိတ်နည်းပြီး ဈေးကွက်ရှာဖွေရန် လွယ်ကူသောကြောင့် ဒေသအခြေပြုစီးပွားရေးလုပ်ငန်းများဖြစ်သည့်အပြင် ကျေးလက်ဒေသများ၏ အလုပ်အကိုင်အရင်းအမြစ်များဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသော MSME လုပ်ငန်းများသည် တောင်သူလယ်သမားများနှင့် အခြားသောလုပ်သားများစွာကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပြီး လူငယ်များအနေဖြင့် မြို့ပြများ၊ အခြားတိုင်းပြည်များသို့ ရွှေ့ပြောင်းသွားရောက်အလုပ်လုပ်ခြင်းကို လျှော့ချနိုင်သည်။ ထို့ပြင် ဝင်ငွေနည်းပါးသောမိသားစုများအတွက် ယောကျ်ားမိန်းမမရွေးအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ ဆင်းရဲမှုများကိုလည်း လျှော့ကြစေမည်ဖြစ်သည်။

MSME လုပ်ငန်းသည် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ စီးပွားရေးအခြေအနေများနှင့် နည်းပညာ အလျင်အမြန်ပြောင်းလဲလာမှုများကြောင့် ငွေကြေးအရင်းအနှီး၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်မှု၊ အဆင့်မြင့်စက်ကိရိယာများနှင့် နည်းပညာများအသုံးပြုနိုင်မှုအပြင် ကျွမ်းကျင်လုပ်သားများ၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းစနစ်များ၊ သတင်းအချက်အလက်များအတွက် စိန်ခေါ်မှုများ ပိုမိုပေါ်ပေါက်လာသည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးတည်ငြိမ်စေရေးအတွက် MSME လုပ်ငန်းများသည် အဓိကကျောထောက်နောက်ခံဖြစ်ရာ စွန့်ဦးတီထွင်မှုများဖြင့် အရည်အသွေးကောင်းထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်လှသည်။ MSME လုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ပြီး နိုင်ငံအတွင်းငွေကြေးစီးဆင်းမှုကို ပိုမိုအားကောင်းလာစေကာ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (Gross Domestic Product) ကို တိုးတက်လာစေရန်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် စက်မှုဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ၂၀၁၅ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ SME တွင် အသေးစားစီးပွားရေးလုပ်ငန်း (Micro Enterprises)ကို ထပ်မံဖြည့်စွက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) အဖြစ် စတင်သုံးနှုန်းခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် အသေးစားနှင့် အလတ်စားစီးပွားရေး



လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး MSME လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးမြှင့်တင်နိုင်ရန် နိုင်ငံတော်အကြီးအကဲက ဥက္ကဋ္ဌအဖြစ်ပါဝင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်း၍ အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါကော်မတီနှစ်ခုဦးဆောင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့်လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့စသည်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်မည့်အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်ပြပွဲများကျင်းပပေးခြင်း၊ နိုင်ငံတော်အဆင့် MSME ဆုများချီးမြှင့်ခြင်း၊ နည်းပညာများဖြန့်ဖြူးပေးခြင်း၊ စီးပွားရေးလုပ်ငန်းပြိုင်ပွဲများကျင်းပခြင်း၊ အရည်အသွေးမြှင့်တင်မှုသင်တန်းများဖွင့်လှစ်ခြင်း၊ ငွေကြေးနှင့်သက်ဆိုင်သော အထောက်အကူများပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းမှတ်ပုံတင်များပြုလုပ်ပေးခြင်း၊ အတိုင်ပင်ခံဝန်ဆောင်မှုများပေးခြင်းစသည့် အဓိကအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်ဟူသည့် အဓိကလေးချက်ပြည့်စုံရန်၊ ကုန်ကြမ်းသေချာရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ MSME လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း၏

**စာမျက်နှာ ၁၄ သို့** ❍

○ စာမျက်နှာ ၁၃ မှအဆက်

အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှုတစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်၊ MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် မိမိနိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်၊ MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးအပိုင်းသည်လည်း များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏အနေအထားအရ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်လာစေရေးအတွက် ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှုပြုထားသည်။




မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN SMEWG) တွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် MSME လုပ်ငန်းများအတွက် ကုန်ကြမ်းများပိုမိုရရှိရေး၊ လိုအပ်သည့်ငွေကြေးများရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးစသည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားမှုများ၊ တိုက်တွန်းအားပေးမှုများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိသဖြင့် MSME စီးပွားရေးလုပ်ငန်းအတွက် ကြီးမားသည့် အင်အားကိုဖြစ်ပေါ်စေရာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် MSME လုပ်ငန်းများကို အထူးကြိုးပမ်းဆောင်ရွက်ကြရေးလိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**နေသူရဇော်(DOA)**



# မုဒုံမြို့၌ ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မုဒုံမြို့)ခန်းမ၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်ဥပဒေချုပ်ဦးမြင့်အောင်က ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့် သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်ကျင့်စဉ်ကြီးတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ထုတ်ပြန်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေကို လေးစားလိုက်နာကြပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့် ကိစ္စရပ်များကို အထူးအလေးထားရှောင်ရှားကြရမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားရခြင်းမှာ နိုင်ငံသားတိုင်း ဥပဒေအသိပညာဗဟုသုတများတိုးပွားစေရန်နှင့် ဥပဒေအသိအမြင်ရှိသူများ ပိုမိုပေါ်ထွန်းလာစေရေးတို့အတွက် ဥပဒေအသိပညာဗဟုသုတများဖြစ်ပွားစေမည့် ဥပဒေဆိုတာဘာလဲ၊ တရားဥပဒေအရေးကြီးပုံ၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဓလေ့ထုံးစံ၊ ဥပဒေအမျိုးအစားများအကြောင်း၊ ကမ္ဘာကြီးတွင် ဥပဒေအရေးပါမှု၊ သိမှတ်ဖွယ်ရာ ဥပဒေရေးရာအဖြာဖြာတို့ကို ရုပ်ပြသရုပ်ဖော် ရုပ်ပုံများအကြောင်း၊ ဥပဒေပြုခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် အကြောင်းတို့ကို အသိပညာပေးပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၂၅(ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ ၀၈:၀၀ | ရသစုံလင်ဗဟုသုတပုံပြင် |
| ၃။ ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ ၁၁:၀၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ |
| ၆။ ၁၂:၀၀ | မွေးမြူသုတ |
| ၇။ ၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈။ ၁၄:၀၀ | Soft Skill |
| ၉။ ၁၅:၀၀ | ဓာတ်လမ်းတို |
| ၁၀။ ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၁။ ၁၉:၀၀ | **တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၁၅/၁၆)** |

# ကျေးရွာတွင်းဂဝံမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သနပ်ပင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျီးပင်ကျေးရွာအုပ်စု ကျီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့်ဆောင်ရွက်သည့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ကျီးပင်ကျေးရွာ၌ အရှည် ၈၀၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မထုရှိသည့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၆ သိန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# စစ်ကိုင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ခင်းများ လျာထားချက်ထက် ဧက ၄၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင် စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းများ လျာထားချက်ထက် ဧက ၄၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်း ယခုနှစ်ဆောင်းရာသီစိုက်ပျိုးချိန်တွင် စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်း ၇၉၁၇ ဧက စိုက်ပျိုးရန်လျာထားရာ ၁၂၁၄၁ ဧက စိုက်ပျိုးပြီးဖြစ်သည့်အတွက် လျာထားချက်ထက် ၄၂၂၄ ဧက ပိုမိုစိုက်ပျိုးနိုင်သည်။ အဆိုပါ စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် စိုက်ပျိုးရေးထွက်ကုန်များရရှိလာစေရန်နှင့်သွင်းအားစုကုန်ကျစရိတ်လျော့ပါးသက်သာစေရန်တို့အတွက် EM ဘိုကာရှီ သဘာဝမြေဩဇာနှင့် စားဖိုဆောင်သုံး စွန့်ပစ်ပစ္စည်းဖြစ်သည့် ငါးကိုအခြေခံသော ငါးအမိုင်နိုရွက်ဖျန်းအားဆေး ပြုလုပ်သုံးစွဲနည်းများကိုလည်း တောင်သူများသိရှိပြီး အသုံးပြုနိုင်အောင် နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ်၌ ယခင်နှစ်ဆောင်းရာသီစိုက်ပျိုးချိန်တွင်လည်း စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းများ ၁၂၁၃၉ ဧက စိုက်ပျိုးနိုင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။



စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

★ **စာမျက်နှာ ၁၇ မှအဆက်**

ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း (၄၉၀၂၅)ခုရှိသည့်အနက်စားသောက်ကုန်လုပ်ငန်းသည်(၉၉၈၄)ခုဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့်စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန်လိုကြောင်း။

**MSME လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေးတစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းပင်ဖြစ်**ကြောင်း၊ **ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်**ကြောင်း၊ **ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထား**ကြောင်း၊ **ဒေသအလိုက်ထွက်ရှိသည့်စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်**ကြောင်း၊ **ထိုမှပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့်သွားရမည်**ဖြစ်ကြောင်း၊ **ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ**ကြောင်း၊ **ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများပိုမိုကောင်းမွန်လာမှုများသည်ရောင်းအား၊ဝယ်အားများစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်းဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည်ဟုလည်း ယုံကြည်ကြောင်း။

❖ **နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီမြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလို . . .**

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက အကြားနီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင်လက်တွေ့လုပ်ကိုင်နေသူများ၏ကြုံတွေ့နေရသည့်အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ အဓိကခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့်အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည် ဖော်ပေးကြရန် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန်ဆောင်ရွက်နေကြသည့်လုပ်ငန်းရှင်များကို အားပေးကူညီမြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်မှု Video Clip အားပြသသည်။ ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည်မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ်ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါမြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ကို ဖေဖော်ဝါရီလ ၂၀ ရက်အထိကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရေနံချောင်းမြို့နယ်၌ ဆောင်းကြက်သွန်နီ ဧက ၃၀၀၀ ကျော်စိုက်ပျိုးထားပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရေနံချောင်း ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ကြက်သွန်နီ ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



"ဆောင်းကြက်သွန်နီကို ဇန်နဝါရီလကစပြီး ပင်းချောင်းအနီးကျေးရွာတွေမှာ စိုက်ပျိုးခဲ့ကြပါတယ်။ မျိုးအနေနဲ့ကတော့ ရွှေနီမျိုးကိုစိုက်ပျိုးပြီး ၅၀ ရက်သားရှိတဲ့ မျိုးစေ့တစ်ပြည် ပျိုးထောင်ထားတဲ့ ပျိုးပေါင်တစ်ပေါင်ကို ပျိုးပင်ကောင်းရင်ကောင်းသလို ဈေးပေးပြီး ဝယ်ယူရပါတယ်။ မျိုးစေ့တစ်ပြည်စိုက် ကြက်သွန်နီစိုက်ခင်းတစ်ခင်းကို မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ အလုပ်သမားခကုန်ကျစရိတ်ရှိပြီး သီးနှံပေါ်ချိန်မှာ လှောင်ထားနိုင်ရင် အကျိုးအမြတ်များများရရှိပါတယ်။ လက်ရှိ ကြက်သွန်နီစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းပြီး သီးနှံပေါ်ချိန်မှာ အထွက်နှုန်းကောင်းဖို့နဲ့ ဈေးကောင်းရဖို့ မျှော်လင့်ပါတယ်" ဟု ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူတစ်ဦးကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ အရှေ့ကုန်း၊ အုတ်ရှစ်ကုန်း၊ သုံးဆယ့်ခြောက်၊ ပင်း၀၊ မာန်မြေ၊ ကျမ်းကိုင်ကျွန်း၊ ဖောင်းကတော၊ ဘူးကျွန်း၊ ဖောင်းကွဲ၊ ရုံးဆိပ်ကျွန်း၊ ဝက်လွတ်နှင့် ဝက်မစွတ် ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ဆောင်းကြက်သွန်နီ ၃၃၅၆ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၌ ဒေသခံတောင်သူများသည် ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးကြသည့်အပြင် စပါး၊ ပဲအမျိုးမျိုးနှင့် တခြားဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးကြပြီး စားသုံးဆီဖူလုံပိုလျှံစေရန် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများကိုလည်း အားထားစိုက်ပျိုးကြသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းအပြင် နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတမှုရှိလာပါက သီးနှံဈေးနှုန်းများ တည်ငြိမ်၍ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မြစ်သားမြို့နယ် ကင်းတားတမံရေလွှဲဆည်မှ နွေသီးနှံအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

မြစ်သား ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကင်းတားတမံရေလွှဲဆည်မှဆည်ရေများကို ဖေဖော်ဝါရီလ ၁၅ ရက်မှ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှသိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေးအတွက် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစွာရယူသုံးစွဲနိုင်ရန် နှစ်စဉ် ကင်းတားတမံရေလွှဲဆည်မှဆည်ရေများကို စမာမြောင်းနှင့် ပန်းလောင်မြောင်းကြီးတို့မှတစ်ဆင့် လယ်ယာမြောင်းခွဲများမှ စိုက်ခင်းများအရောက် စနစ်တကျရေဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများနွေစပါးနှင့် တခြားနွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက်စိုက်ပျိုးရေများစတင်ဖြန့်ဝေပေးနေပြီဖြစ်သည်။

ထိုသို့ နွေသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးခြင်းကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ဇွန်လ ၂၅ ရက်အထိ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေများရယူသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျရယူသုံးစွဲကြရန် ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)






သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန်မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)



# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁-၂-၂၀၂၅ ရက်နေ့မှ ၁၅-၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | လက်ခံနိုင်သော |
| | ၃ | စစ်ကိုင်းမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | လက်ခံနိုင်သော | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသောသူများ အတွက်သာ | | ကောင်းမွန် | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၃ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဖေဖော်ဝါရီလ ၁၈ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ်၊ နောက်လယ် (၁၂)လမ်းရှိဂိုဒေါင်(၁)လုံးအတွင်းမှတရားဝင် တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁) မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Yamaha မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၃၉၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၃၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံမငေးမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)ကိုလည်းကောင်း၊ ပုသိမ်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှတောင်ကြီးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၇၂၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံး အတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံး ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၆၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၉၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၁၂၇၂၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇၉၇၆၄၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၀၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၀၅ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |
| HSD (10 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | - | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၆ | ၃၀၈၀ |
| 95 Ron | ၃၀၄၁ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၁၈၆ | ၃၂၈၀ |
| HSD (10 ppm) | ၃၁၈၆ | ၃၂၈၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO
CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ဒဂုံ
MALTA FRESH
Fresh LEMON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း- တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း




အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံပူးပေါင်း၍(Online Scam) နှင့်(Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(၁၀၀)

# ချောင်းဦး၊ ငါန်းဇွန်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များက လက်နက်ကြီး၊ လေကြောင်း တိုက်ခိုက်မှုများကြောင့် ပြည်သူနှစ်ဦးသေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉




စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့်လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူများထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများပျက်စီးခဲ့ကြောင်းတရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်များမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများသေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးသည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်များအား ပစ်ခတ်တိုက်ခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း၊ အကြမ်းဖက်သမားများမှ အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ကျေးရွာများကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးရခြင်းများရှိခဲ့သည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကိုဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများကိုအသုံးပြု၍ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

❑ ကျောဖုံးမှအဆက်

ပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၅၅၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပြီး အမြန်ဆုံးပြည်နှင်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် နယ်စပ်ဒေသများမှ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းလွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေး လိမ်လည်မှုအပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊အရေးယူခြင်းတို့ကိုပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "sunnybro88(ASZW)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မြေစကောင်းကျေးရွာနေ ထင်လင်းအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ရက်စက်ယုတ်မာစွာ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက် (၉)နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိ





PDF အမည်ခံအကြမ်းဖက်သမားများကDrone ယာဉ် ၂စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ ကျေးရွာ၏ အရှေ့မြောက်ဘက်မှ Drone ယာဉ် ၂ စင်းဖြင့် Drop Bomb ချတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက်(၉)နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်၊


အထက်ပါဖြစ်စဉ်မှ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများအား ရွှေဘိုမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရပြီး ထိုသို့အသက်ငယ်ရွယ်သော ကလေးသူငယ်များပါမချန် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


(၁၀၀)

ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ် ၂ စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး ၂ ဦး ထိခိုက်ဒဏ်ရာများရရှိ







ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက် အဖွဲ့များက အကြောင်းမဲ့ လာရောက်ပစ်ခတ်မှု ကြောင့် အပြစ်မဲ့အရပ်သား ပြည်သူ အမျိုးသမီး ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသမီး ၂ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ည ၈ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပကာရီကျေးရွာ၏ အရှေ့တောင်ဘက် အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး ၂ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့/ ရွာ၊ လူနေရပ်ကွက်များ အတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။



# ဗလာဒီမာပူတင်နှင့် ဒေါ်နယ်ထရမ့်တို့ ဖေဖော်ဝါရီလအကုန်ပိုင်းတွင် တွေ့ဆုံနိုင်ဟုဆို



မော်စကို၊ နိုင်ငံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဖေဖော်ဝါရီလအကုန်ပိုင်းတွင် တွေ့ဆုံနိုင်သည်ဟု ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဖေဖော်ဝါရီလ ၁၉ ရက်တွင်ပြောသည်။

သို့သော် ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ ရုရှားနှင့် အမေရိကန်တို့ကြား ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံမှုဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်ရန် အချိန်ပိုမိုကြာမြင့်နိုင်ကြောင်း ပက်စကော့က ဆက်ပြောသည်။

မိမိအနေဖြင့် သမ္မတဗလာဒီမာပူတင်နှင့် ယခုလအတွင်း တွေ့ဆုံဖွယ်ရှိသည်ဟု ထရမ့်က ဖေဖော်ဝါရီလ ၁၈ ရက်တွင် ပြောကြားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပသည့် အမေရိကန်-ရုရှားဆွေးနွေးမှု၌ ယူကရိန်းကပါဝင်မှုမရှိခြင်းနှင့်ပတ်သက်၍ ယူကရိန်းအစိုးရ၏စိုးရိမ်မှုကို ပယ်ချခဲ့ကြောင်းသိရသည်။

ယူကရိန်းနိုင်ငံအနေဖြင့် ရုရှားအစိုးရနှင့်သဘောတူညီချက်တစ်ရပ်ကိုအစောပိုင်းကတည်းက ချမှတ်နိုင်ရန် အခွင့်အရေးရှိခဲ့သော်လည်း ထိုသို့သဘောတူညီချက်ရရှိစေရန် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဟု ထရမ့်က ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် ရုရှားအရာရှိကြီးများကြား ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံကြား ဆက်ဆံရေးအပေါ် အဓိကအာရုံစိုက်လုပ်ဆောင်ခြင်းဖြစ်သော်လည်း ၎င်းဆွေးနွေးမှုသည် ယူကရိန်းစစ်ပွဲကို အဆုံးသတ်ရေးအတွက် အလွန့်အလွန်အရေးကြီးသော ခြေလှမ်းတစ်ရပ်လည်းဖြစ်ကြောင်း ပက်စကော့က ဆက်လက်ပြောကြားထားကြောင်း သိရသည်။

Ref: RT, Ivt

# အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ဘောလုံးကွင်းတစ်ခုတွင် မီးရှူးမီးပန်းများ ပေါက်ကွဲမှုကြောင့် ပွဲကြည့်ပရိသတ် ၃၀ ကျော်ဒဏ်ရာရရှိ



နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကီရာလာပြည်နယ်ရှိဘောလုံးကွင်းတစ်ခုတွင် မီးရှူးမီးပန်းများ ပေါက်ကွဲမှုကြောင့် ပွဲကြည့်ပရိသတ် ၃၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီလ ၁၉ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်သည် ပြည်နယ်မြို့တော် သီရုဝန္တပုရမ်၏ မြောက်ဘက် ၃၈၈ ကီလိုမီတာအကွာရှိ မာလပ်ပူရမ်မြို့ရှိ အာရီးကိုဒီးဘောလုံးကွင်း၌ ဖေဖော်ဝါရီလ ၁၈ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး ဘောလုံးကွင်းမှ တာဝန်ရှိသူများက မီးရှူးမီးပန်းများကို ကွင်းအလယ်ကောင်တွင်ချလိုက်ပြီးနောက် မကြာမီ မီးပန်းများက ပွဲကြည့်စင်ရှေ့ဆုံးတန်းမှ ပရိသတ်များအပေါ် ကျရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီးပန်းများ ပွဲကြည့်ပရိသတ်များအပေါ် ကျရောက်ခဲ့သည့်အပြင် အချို့ပွဲကြည့်သူများမှာ မီးပန်းများကျရောက်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရာမှ လဲကျခြင်းကြောင့် ဒဏ်ရာရရှိသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။

အဆိုပါဘောလုံးပွဲတွင် အာဏာပိုင်များက မီးရှူးမီးပန်းများအား အသုံးပြုခွင့် မပေးထားသောကြောင့် အဆိုပါဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

Ref: Xinhua

# သြစတြေးလျနိုင်ငံ ကမ်းခြေတစ်ခုတွင် ဝေလငါးအကောင် ၁၅၀ ကျော်သေဆုံး



ဆစ်ဒနီ၊ သဘာဝပတ်ဝန်းကျင်

သြစတြေးလျနိုင်ငံ တက်စမေးနီးယားပြည်နယ်ရှိ ကမ်းခြေတစ်ခုတွင် ဝေလငါးအကောင် ၁၅၀ ကျော် သေဆုံးလျက်ရှိကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဖော်ပြသည်။

ဝေလငါးများ သောင်တင်သေဆုံးနေသည့်နေရာသည် ကမ်းခြေမှအလွန်ဝေးကွာသည့် နေရာဖြစ်သောကြောင့် ၎င်းတို့အား ကယ်ဆယ်နိုင်ခဲ့ခြင်းမရှိကြောင်း ပြည်နယ်သဘာဝတောရိုင်းတိရစ္ဆာန်ပန်းခြံနှင့်ဥယျာဉ်စောင့်ရှောက်ရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

သေဆုံးနေသည့် ဝေလငါးများမှာ စုစုပေါင်း ၁၅၇ ကောင်ရှိသည်ဟု အချို့မီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါဝေလငါးများသည် လွန်ခဲ့သည့် ၂၄ နာရီ သို့မဟုတ် ၄၈ နာရီ အတွင်းက သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကနဦးစစ်ဆေးချက်များအရသိရသည်။ သို့သော် မည်သည့်အကြောင်းရင်းကြောင့် သေဆုံးရသည်ကိုမသိရသေးပေ။ သေဆုံးနေသည့် ဝေလငါးများသည် killer whale အမျိုးအစား ဝေလငါးအသေးစားများဖြစ်ပြီး ၎င်းတို့သည် အပျော်စီးရွက်လှေများကို တိုက်ခိုက်လေ့ရှိကြောင်းသိရသည်။

Ref: Ivt

## သတင်းတိုကဏ္ဍ

# တရုတ်နိုင်ငံသို့ ဗလာဒီမာပူတင်က ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် သွားရောက်မည်

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယခုနှစ်ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန်စီစဉ်ထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗရော့က ဖေဖော်ဝါရီလ ၁၉ ရက်တွင်ပြောကြားသည်။

သမ္မတပူတင်သည် တရုတ်နိုင်ငံက ဂျပန်အပေါ်အောင်ပွဲခံသည့် နှစ် ၈၀ ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် ဒုတိယကမ္ဘာစစ်ကြီးအဆုံးသတ်ခြင်းတို့အတွက် ယခုနှစ် ဩဂုတ်လနှောင်းပိုင်းနှင့် စက်တင်ဘာလအစောပိုင်းတို့တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် အပြန်အလှန်လည်ပတ်ခြင်းအပါအဝင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေးလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း လက်ဗရော့ကဆက်လက်ပြောကြားသည်။

Ref: Ivt

# အကြမ်းဖက်သမားများက တိုက်ခိုက်လာနိုင်သည်ဟူသော သတိပေးချက်ကြောင့် ဆွီဒင်ရှိ ရုရှားသံရုံးအား လုံခြုံရေးတိုးမြှင့်ခဲ့ရ

ဆွီဒင်နိုင်ငံရှိ ရုရှားသံရုံးအား အကြမ်းဖက်သမားများက တိုက်ခိုက်လာနိုင်သည်ဟူသော ရုရှားပြည်ပထောက်လှမ်းရေးအဖွဲ့၏ သတိပေးချက်ကြောင့် သံရုံး၏ လုံခြုံရေးကို တိုးမြှင့်လိုက်ရကြောင်း မီဒီယာတစ်ခုတွင် ဖေဖော်ဝါရီလ ၁၉ ရက်က ဖော်ပြသည်။

အကြမ်းဖက်သမားများသည် ရုရှားနှင့် အမေရိကန်တို့ကြား ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးမှုပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် သံရုံးအား အကြမ်းဖက်တိုက်ခိုက်နိုင်သည်ဟု ရုရှားပြည်ပထောက်လှမ်းရေးအဖွဲ့က သတိပေးခဲ့ပြီးနောက် သံရုံးမှ တာဝန်ရှိသူများက အခြေအနေကိုအနီးကပ်စောင့်ကြည့်လျက်ရှိသည်။

ထို့ပြင် ယူကရိန်းနိုင်ငံမှ အကြမ်းဖက်သမားများသည် အီးယူနိုင်ငံများဖြစ်သည့် ဂျာမနီ၊ ဘောလ်တစ်နိုင်ငံနှင့် စကင်ဒီနေးဗီးယားနိုင်ငံရှိ ရုရှားသံရုံးများအပေါ်တိုက်ခိုက်လာနိုင်သည်ဟု သတိပေးချက်များအရသိရသည်။

ယူကရိန်းငြိမ်းချမ်းရေးအတွက် အမေရိကန်နှင့် ရုရှားတို့ကြား ဆွေးနွေးပွဲပျက်ပြားစေရန် ယူကရိန်းကလုပ်ဆောင်မည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ကြိုတင်ခန့်မှန်းမရနိုင်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်ဟု ရုရှားလုံခြုံရေးကောင်စီ လက်ထောက်ဥက္ကဋ္ဌ ဒီမီထရီ မက်ဗီဒက်ဗ က သတိပေးထားကြောင်းသိရသည်။

Ref: Ivt







### ပျောက်ဆုံးကြောင်း
ခင်ဝတ်မှုံ(ဘ)ဦးလှိုင်ထွန်းနွယ် ၁၀/ကထန(နိုင်)၁၄၇၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခင်မာလေး(ဘ)ဦးလှွင် ၁၀/ကထန(နိုင်)၁၄၇၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း
ကျွန်တော် ဦးထွန်းလင်းကျော်၏သား မောင်ပြည့်ဟိန်းကျော်၏ အမည်အား မောင်မြင့်မြတ်အောင် ၁၂/မရက(နိုင်)၁၉၅၁၄၄ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်မြင့်မြတ်အောင်

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းမှ ဦးထွန်းထွန်းလင်း ၁၄/ပသန(နိုင်)၁၉၆၂၀၄ ၏သား မောင်မင်းသော်၏အမည်မှန်မှာ မောင်ပြည့်ဖြိုးထွန်းဖြစ်ပါကြောင်း။ မောင်ပြည့်ဖြိုးထွန်း

### ပျောက်ဆုံးကြောင်း
ရန်လင်းအောင်(ဘ)ဦးစံရွှေ ၁၁/သတန(နိုင်)၀၆၆၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခင်ခင်အေး(ဘ)ဦးယောဟွာ ၁၃/ကခန(နိုင်)၀၆၀၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
မောင်ကျော်ထက်လင်း(ဘ)ဦးလီကျိုးဖူး၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

### ပျောက်ဆုံးကြောင်း
နောဖောဘလုထူး(ဘ)ဦးစောဘွယ်ထူး ၇/ကတခ(နိုင်)၁၄၂၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၈၂၆၄၈၇

### ပျောက်ဆုံးကြောင်း
နော်ဟယ်လင်နာမူး(ဘ)ဦးစောအယ်မူးကလယ် ၁၂/ရပသ(နိုင်)၀၇၇၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်လေလံရောင်းချခြင်း)
၁။ မြို့နယ်၊ ဌာနအသီးသီးရှိ ဆယ်တင်ပစ္စည်းများမှ ပြန်လည်အသုံးပြု၍မရတော့သည့် (ဆိုဒ်စုံ) HDBC/HDSC(48)Ton၊ ACSR ကြိုး(64)Ton၊ မြေအောက်ဓာတ်ကြိုး(1425)M နှင့် Insulated ဆယ်တင်ကြိုး(38076)M တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။
၂။ လေလံပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၁-၂-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ လေလံပိတ်ရက်မှာ (၆-၃-၂၀၂၅)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁၂၀၈၁၆ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
လေလံစိစစ်ရွေးချယ်ရေးအဖွဲ့

### တစ်ဦးတည်းဖြစ်ပါကြောင်း
ညောင်လေးပင်မြို့နယ်၊ အထက(၂) ပြွန်တန်ဆာမှ မူလတန်းပြဆရာမ နော်မာဂရက်နှင့် ဒေါ်နော်မာဂရက် ၁၂/အစန(နိုင်)၀၄၆၀၈၈ မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်အမည် ဦးစောဂျေးကော့နှင့် ဦးဂျေးကော့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
နော်မာဂရက်(ခ)ဒေါ်နော်မာဂရက်
ဦးစောဂျေးကော့(ခ)ဦးဂျေးကော့

### ပျောက်ဆုံးကြောင်း
ချောင်းသာမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဖြိုးမင်းထွန်း(ဘ)ဦးကံမြင့် ၁၄/ပသန(နိုင်)၃၂၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၉၅၂၈၂၅

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ)ဦးနိုင်ဝင်းအေး၏သမီး မမေဖြူစင်ထက်(ခ)မသီရိထက်နိုင် ၁၃/တကန(နိုင်)၃၇၆၁၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မမေဖြူစင်ထက်(ခ)မသီရိထက်နိုင်

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နေ သက်ဦး(ဘ)ဦးလှသောင်း ၁၄/သပန(နိုင်)၀၄၂၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၂၃၂၆၂၅

### ပျောက်ဆုံးကြောင်း
လှိုင်မြို့နယ်နေ ဒေါ်စန်းရီ(ဘ)ဦးကျင်ဝက် ၁၂/လမန(နိုင်)၁၂၉၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၂၃၂၆၂၅

### ပျောက်ဆုံးကြောင်း
ခင်မောင်ဦး(ဘ)ဦးမောင်ကြီး ၁၂/တမန(နိုင်)၀၁၁၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပသီးနားသန်း(ဘ)ဦးအလံသူ ၁၂/ပဇတ(ပြု)၀၀၀၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၄၁၁၁၀၂

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်နေ အဘ ဦးလှဝင်း၏သမီး မသိမ့်သိမ့်အိနှင့် မသိမ့်သိမ့်ဝင်း ၉/ပမန(နိုင်)၂၈၇၉၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မသိမ့်သိမ့်အိ(ခ)မသိမ့်သိမ့်ဝင်း

### ပျောက်ဆုံးကြောင်း
ရဲရင့်မောင်(ဘ)ဦးမောင်မောင် ၁၄/လပတ(နိုင်)၂၈၄၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 537675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထွေးထွေးသိန်း(ဘ)ဦးကျော်ဝင်း ၉/သေရ(နိုင်)၀၁၆၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 799132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၇၈၄၀၀၆

### ပျောက်ဆုံးကြောင်း
သက်မြတ်နိုး(ဘ)ဦးမျိုးအောင် ၁၄/ပတန(နိုင်)၂၉၈၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရဲမင်းအောင်(ဘ)ဦးမျိုးသိန်း ၁၂/ဒဂတ(နိုင်)၁၀၀၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခင်စိမ်းလန်းစိုး(ဘ)ဦးတင်စိုး ၁၂/အစန(နိုင်)၀၁၃၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၅၀၅၉၉

### ပျောက်ဆုံးကြောင်း
ဝင်းကျော်သူ(ဘ)ဦးသိန်းထွန်း ၁၂/ကတန(နိုင်)၀၉၈၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 389426)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၃၅၆၇၇၉

### ပျောက်ဆုံးကြောင်း
ဂမ္ဘီရဗုဒ္ဓိ(ဘ)မောင်ယဉ်နူ ၁၂/ရသပ(သ)၀၀၁၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၁၃၄၃၄၉

### ပျောက်ဆုံးကြောင်း
ခိုင်စိုးဦး(ဘ)ဦးငယ် ၁၀/ခဆန(နိုင်)၁၂၆၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နန်းအေးအေးဝါ(ဘ)ဦးမောင်မောင်အေး ၉/ခအဇ(နိုင်)၀၄၀၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းမှ ဦးထွန်းထွန်းလင်း ၁၄/ပသန(နိုင်)၁၉၆၂၀၄ ၏သား မောင်ဝေလွင်၏ အမည်မှန်မှာ မောင်လင်းထွန်းမဏ္ဍိုင်ဖြစ်ပါကြောင်း။
မောင်လင်းထွန်းမဏ္ဍိုင်

### ပျောက်ဆုံးကြောင်း
ချိုသက်နိုင်(ဘ)ဦးသန်းဝင်း ၁၂/သကတ(နိုင်)၁၅၀၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၁၀၆၁၉၀

### ပျောက်ဆုံးကြောင်း
ခိုင်ဇာထွန်း(ဘ)ဦးချစ်ထွန်း ၅/ကဘလ(နိုင်)၂၀၇၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 525519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၄၅၅၇၄၂၂

### ပျောက်ဆုံးကြောင်း
စောထွန်း(ဘ)ဦးကြာပိုက် ၃/လဘန(နိုင်)၁၉၃၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 430794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၇၈၀၄၅၄၅

### ပျောက်ဆုံးကြောင်း
သူဇာဝင်းစိုး(ဘ)ဦးစိုးသိန်း ၁၂/မရက(နိုင်)၁၈၀၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခွန်းဆက်သူရ(ဘ)ဦးဝင်းသူရ ၁/ရကန(နိုင်)၀၅၈၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဝင်းကျော်(ဘ)ဦးအေးကျော် ၁၂/မရက(နိုင်)၁၀၅၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ငြိမ်းချမ်းကျော်(ဘ)ဦးကျော်မြင့် ၅/ယမပ(နိုင်)၁၄၂၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 145877)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၆၈၂၉၆၉

### ပျောက်ဆုံးကြောင်း
စိုးသီဟ(ဘ)ဦးစိုးညွန့် ၁၂/မဂဒ(နိုင်)၁၅၇၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ချစ်စုကြည်(ဘ)ဦးဘရှင် ၉/မဟမ(နိုင်)၀၃၂၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 306838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၀၂၆၅၇၇

### ပျောက်ဆုံးကြောင်း
ရီရီထွန်း(ဘ)ဦးတင်ထွန်း ၇/နတလ(နိုင်)၀၆၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးပန်းမြိုင် ၁၂/တတန(နိုင်)၀၀၅၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၀၇၉၈၉၉

### ပျောက်ဆုံးကြောင်း
ခင်နန်းဝင်း(ဘ)ဦးဝင်းမောင် ၁၂/လသယ(နိုင်)၀၃၂၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၃၂၀၇၀၆

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
အိအိခိုင်(ဘ)ဦးခိုင်ဝင်း ၁၄/ဟသတ(နိုင်)၂၆၇၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၂၄၅၂၃၈

### ပျောက်ဆုံးကြောင်း
ဝင်းဝင်းစိမ့်(ဘ)ဦးတိုးအောင် ၁၂/လသယ(နိုင်)၁၁၁၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 632011)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၁၂၈၃၀၅

### ပျောက်ဆုံးကြောင်း
နန္ဒာထွန်း(ဘ)ဦးမြင့်ငွေး ၅/ဒပယ(နိုင်)၁၁၉၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 431312)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၇၇၀၈၈

### ပျောက်ဆုံးကြောင်း
ဝင်းသီရိကျော်(ဘ)ဦးအေးကျော် ၁၂/တကန(နိုင်)၁၅၉၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 260048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၇၈၀၀၀၃၈

### မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း
"DRINK & DINE COMPANY LIMITED"သည် အစုရှယ်ယာများ KYATS (100,000)တန် အစုရှယ်ယာ(1,000)စုစုပေါင်း အစုရှယ်ယာတန်ဖိုး(100,000,000)မှ KYATS (100,000)တန် အစုရှယ်ယာ(100) စုစုပေါင်းအစုရှယ်ယာတန်ဖိုး KYATS (10,000,000)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေး အကြောင်းကြားအပ်ပါသည်။
SHWE YEE MON
Director
DRINK & DINE COMPANY LIMITED

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၀)၊ သုခကာရီလမ်းနေ၊ ဦးဝင်းဇော်ထွန်း(၉/မလန(နိုင်)၁၄၃၀၉၇)ကိုင်ဆောင်သူမှ(အလျား ၃၆'-၀" x အနံ ၂၀'-၀")RC(၁)ထပ်ခွဲအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ လုပ်ပိုင်အုပ်စု၊ သံလွင်ရွာနေ ဒေါ်ရှောက်ဟွား(ဘ)ဦးရန်အေး ၁၃/လရန(နိုင်)၂၅၆၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၈၇၇၇၆၆

### ပျောက်ဆုံးကြောင်း
ကျောက်ကြီးမြို့နယ်၊ ဆေးပုလဲကျေးရွာနေ မောင်အေးမင်းဦး(ဘ)ဦးမောင်စိုး ၇/ကကန(နိုင်)၀၈၉၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်ဟူ၍ရှိ . . .

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင် . . .

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္တေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ⇨

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက်နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်း

စာမျက်နှာ ၂၈ ကော်လံ ၃ ❑

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးညှိနှိုင်း

စာ - ၂၈ သို့

## မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

စာ - ၂၃ သို့

## PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသမီး ၂ ဦး ထိခိုက်ဒဏ်ရာများရရှိ

စာ - ၂၉ သို့

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ